# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### စောင့်ရှောက်ထားအပ်သောစိတ်

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၄

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြား

ရန်ကုန် ဇူလိုင် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ (ယာပုံ)

သို့ပါ၍ ဘွဲ့ကြို (M.B;B.S) နောက်ဆုံးနှစ် အပိုင်း (ခ) စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် ၂၀၂၂ ဇူလိုင် ၁၈ ရက်မှ စတင်၍ ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် လေ့ကျင့်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ရာ လူနာများနှင့် တိုက်ရိုက်မထိတွေ့မီ ပုံတူပြု လေ့ကျင့်သင်ကြားခြင်းစနစ်ဖြင့် စုပေါင်းသင်ကြားခြင်း(Common Module) သင်တန်းကို ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်များတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်ရှိ ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးကို သုတေသနဌာန၌ ပြုလုပ်ခဲ့ပြီး အလုပ်သင်ဆရာဝန် စုစုပေါင်း ၁၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## အသက် ၅ နှစ် မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ



နောင်တရား ဇူလိုင် ၁၄

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံခြင်းကို နောင်တရားမြို့ အ.ထ.ကကျောင်း၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ (ဝဲပုံ)

"ကျောင်းနေအရွယ် ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့" ဆောင်ပုဒ်နှင့်အညီ ကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❏


**ယနေ့ ဖတ်စရာ**

မိန့်မြွက်ထွေပြား ဟောဖော်ကြားသည့် ဓမ္မစကြာအနှစ်ချုပ်တရား — ဆောင်းပါး — စာ - ၆

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၂၂ ခုနှစ်အတွင်း ပြည်ပခရီးသွား တစ်သန်း ဝင်ရောက်ရန် မျှော်လင့် — နိုင်ငံတကာသတင်း — စာ - ၁၃

တရုတ်-အာဆီယံကုန်စည်ပြပွဲ၌ ဒေသထွက်ကုန် ပြခန်း ၃၀ အထိ ဝင်ရောက်ပြသမည် — ကုန်သွယ်စီးပွား — စာ - ၁၆

## ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သော ပေါင်းစည်းညီညွတ်သည့် နှလုံးသားများ

ယနေ့ မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ ဦးတည်မျှော်မှန်းချက်မှာ မြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရန်ဖြစ်သည်။ ဖက်ဒရယ်ဟူသည် နိုင်ငံပြိုကွဲခြင်း၏အစ၊ နိုင်ငံလဲပြိုကျသွားရန် အတွက် အကြောင်းအဖြစ် အနက်ကောက်ခဲ့ကြရာမှ ဖက်ဒရယ်ဟူသည် တန်းတူရည်တူ၊ စိတ်တူကိုယ်တူ ပေါင်းစည်း ညီညွတ်ခြင်းအဖြစ် ရှုမြင်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသား လူမျိုးစုံတို့ အတူတကွနေထိုင်ရာ နိုင်ငံတော်ကြီးကို ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ရန် မျှော်မှန်းလာခြင်း လည်းဖြစ်သည်။ မတူကွဲပြားသည့် လူမျိုးစုများ၊ မျိုးနွယ်စုများ အတူပေါင်းစည်းနေထိုင်ရာတွင် အပြန်အလှန် ရင်းနှီးချစ်ခင်မှု၊ နားလည်စာနာမှု၊ သွေးရင်းသားရင်းမိသားစုများအဖြစ် သဘော ထားမှုတို့ စသည့်သွေးစည်းညီညွတ်မှု စိတ်ဓာတ်များ ရှင်သန် ထွန်းကားနေရန် အထူးလိုအပ်သည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းစဉ် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များအကြား ချစ်ခင်လေးစားမှုနှင့် အပြန်အလှန် ယုံကြည်ကိုးစားမှုများမှာ လွန်စွာအတုယူဖွယ်၊ ကြည်နူးဖွယ် ဖြစ်သည်ကို ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ရပြီးနောက် ဝမ်းနည်းကြေကွဲကြောင်း အထိမ်းအမှတ် အဖြစ် တိုင်းရင်းသားခေါင်းဆောင်များ ပြောကြားခဲ့သည့် မှတ်ချက်များတွင် တွေ့ရသည်။ “ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လ ဥဿာဟကြောင့်ပင်လျှင် မြန်မာနိုင်ငံတွင် ကြုံကြိုက်ခဲလှစွာသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ညီညွတ်မှုကို ယခုရရှိလျက်ရှိပါ သည်။ အထူးသဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားများ အားအကိုး ကြီးကိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရသဖြင့် နယ်စပ် ဒေသ တိုင်းရင်းသားများဟာ ယူကျုံးမရ တွေးမိတိုင်း ဆွေးမြည့် ရသည့်အခြေသို့ ရောက်ရပါတော့သည်” ဟု ညောင်ရွှေစော်ဘွား ကြီးက တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြောကြားခဲ့သလို ကရင် အမျိုးသားခေါင်းဆောင် စောစံဘိုးသင်က “ဗိုလ်ချုပ်ဟာ ရန်သူကို ဘယ်လိုမိတ်ဆွေဖြစ်အောင် ပြန်လုပ်တတ်သလဲဆိုတာ အင်မတန် ထူးကဲတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ . . . သူ(ဗိုလ်ချုပ်)က ကျွန်တော်ကိုမေးတယ်၊ အဲသည်စစ်ကြီး ပြီးတဲ့အခါမယ် ဘယ်အုပ်ချုပ်ရေးတည်တံ့မလဲလို့ သူမေးတယ်။ ကျွန်တော်က ပြောတယ်၊ မေတ္တာပေါ်မှာတည်ဆောက်တဲ့ အုပ်ချုပ်ရေးဟာ တည်လိမ့်မယ်”ဟူ၍ပြောကြားကာ “မြန်မာပြည်ကို အုပ်စိုးနိုင်မည့် အစိုးရဟာ ဗုဒ္ဓရာဇာစိတ်သဘောပါဝင်တဲ့ လူများမှသာလျှင် အုပ်စိုးနိုင်တယ်”ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရသည်။ ဆမားဒူဝါ ဆင်ဝါနောင်က “ဗိုလ်ချုပ်၏ မြန်မာပြည်လွတ်လပ်ရေး လုပ်ငန်းစဉ်ကို ဗိုလ်ချုပ်ကိုယ်တိုင် ဆောင်ရွက်စဉ်က ဗိုလ်ချုပ် စေတနာရှိသလို၊ သတ္တိရှိသလို၊ မြန်မာပြည်၏ ကောင်းကျိုး ချမ်းသာကို ဆက်လက်ဆောင်ရွက်နိုင်မှ ဗိုလ်ချုပ်တို့အား ကျေးဇူးဆပ်ရာရောက်မည်”ဟု ထည့်သွင်းပြောကြားခဲ့သည့် အပြင် “ရှေးရာဇဝင်အရ၊ တကယ်အဖြစ်အမှန်အရဆိုလျှင်လည်း ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားအားလုံး၊ မြန်မာပြည်ရှိ လူအားလုံး ဟာ တစ်အိမ်သားများသာဖြစ်တဲ့အတိုင်း မူလအခြေမှန်ကို ရောက်အောင် ဗိုလ်ချုပ်ပေါင်းစည်းထားခဲ့ပေတယ်”ဟူ၍ လည်း ပြောကြားခဲ့သည်။

ထိုစဉ်က မြန်မာတိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ သွေးစည်းညီညွတ်မှုနှင့် ပေါင်းစည်းမှုစိတ်ဓာတ်များသည် မိမိတို့ ခေတ်၏ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက် ရေးနှင့် တိုင်းရင်းသားများအားလုံး ရာသက်ပန်အတူတကွ ပေါင်းစည်းနေထိုင်ရေးအတွက် ဆက်လက်အမွေခံယူရမည့် အမွေအနှစ်များပင်ဖြစ်ပါကြောင်း။ ။

## (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၄

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရှိရသည်။

သတင်းစဉ်

## အောက်မေ့ဆွတ်တမ်း ဘာကြောင့်လွမ်း

❖ ငါတို့ဗိုလ်ချုပ် ၊ သူ့ဂုဏ်ပုဒ်က
မြန်မာ့ထွတ်မြတ် ၊ လွတ်လပ်သည့်ပန်း
ရယူမြန်းရန် ၊ မမောတမ်းကြံဆ
မရမနေ ၊ ရွက်ဆောင်လေခဲ့
နယ်ချဲ့တိုက်ထုတ် မတွန့်ဆုတ်။

❖ သူ့ဂုဏ်ပုဒ်သည် ၊ မြန်မာပီစွာ
သာကီနွယ်ဖွား ၊ မြန်ပြည်သားမို့
မြှောက်ကားမမြှောက် ၊ ခြောက်မကြောက်ဘဲ
ချော့လည်းမပျော့ ၊ မလျော့မတင်း
တည်ကြည်ခြင်းရနံ့ သင်းပျံ့သူ။

❖ ငါတို့ဗိုလ်ချုပ် ၊ သူ့ဂုဏ်ပုဒ်ကား
ရိုးကုပ်ထူးချွန် ၊ ပြည်သူ့ဝန်ကို
ကျေပွန်အောင်ထမ်း ၊ မမောတမ်းပင်
ဖြူစင်ရိုးသား၊ ကြိုးစား မယိမ်းယိုင်
မြဲခိုင်သတ္တိ ဖွဲ့ရှိသူ ။

❖ ငါတို့ဗိုလ်ချုပ် ၊ သူ့ဂုဏ်ပုဒ်ကား
နိုးကြားပညာ ၊ ရှာဖွေကာနေ
စာပေမပြတ်၊ ဖတ်မှတ်ကျင့်သုံး
နှလုံးရည်ပြည့် ၊ လက်ရုံးပြည့်ဝ
တက်ကြွအောင်ခြင်း ဆောင်နှင်းသူ။

❖ ငါတို့ဗိုလ်ချုပ် ၊ သူ့ဂုဏ်ပုဒ်ကား
အပိုမကြွား၊ စကားမဝါ
ပကာသန ၊ ဟန်မပြဘဲ
မြန်မာ့သရုပ် ၊ ကြိုးကုတ်မျှော်တွေး
ထူထောင်ရေးနဲ့ ၊ ပြည်ရေးလူမှု
ပြည်ထောင်စုအကျိုး မျှော်ကိုးသူ။

❖ ငါတို့ဗိုလ်ချုပ်၊ သူ့ဂုဏ်ပုဒ်ကား
တိုင်းရင်းသားတွေ ၊ သွေးစည်းစေချင်
မြော်မြင်ရှင်ပြုံး ၊ စည်းလုံးချစ်ကြည်
တည်ဆောက်မည်ဟု ၊ ပြည်ထောင်စုစိတ်
အေးရိပ်နိဗ္ဗာန် သန္နိဋ္ဌာန်သူ။

❖ ငါတို့ဗိုလ်ချုပ် ၊ သူ့ဂုဏ်ပုဒ်ကား
ပြည်သားအားလုံး ၊ ပေါင်းရုံးရွှင်ပျော်
တပ်မတော်ကြီး ၊ အားအင်ကြီးစေ
ခိုင်ဖြိုးစေသည့် ၊ အမိနဲ့သား
ရေနဲ့ငါးပမာ ၊ အရာရာမှာကူ
ကြည်ဖြူချစ်ခြင်း ဖြစ်တည်ခြင်း။

❖ ဪ . . .
ပြောလျှင်ဘွင်းဘွင်း ၊ လုပ်လျှင်ရှင်းသည့်..
ပွင့်လင်းသည့်သူ ၊ ပြည်သူကိုချစ်
မေတ္တာစစ်ဖျန်း ၊ ဂုဏ်ပြည့်လျှမ်းသည့်..
ဗိုလ်ချုပ်အောင်ဆန်း ၊ ပြည်ချစ်ပန်းပွင့်
ကြွေလွင့်ခဲ့ပြီ၊ မေ့မသွားနိုင်
ဇူလိုင်ဆယ့်ကိုး ၊ အလွမ်းမိုးတို့
ခုထိညို့ဝေ ရွာဖြိုးစွေဆဲ။

❖ ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်ချစ်ပန်းတွက်
အလွမ်းရက်တွေ၊ ရှေ့ဆက်နေဆဲ
ဖြေလည်းမပြေ ၊ နွမ်းကြေမပျက်
ဖိတ်ဖိတ်လက်ဂုဏ်၊ ပြည့်စုံလှပ
သူ့ဘဝသမိုင်း ၊ တွေးမိတိုင်းပင်
ဦးညွတ်ချင်မိ၊ စွဲရင်ငြိရ
သာဓကဆောင် ၊ တို့လူ့ဘောင်မှာ
နောင်လာနောက်သား ၊ စံမူထားဖို့
တိုးပွားအလှတွေဆင်ကြမည်။
ကြိုးစားကြစေချင်လှသည်။ ။

အကျော်ပင်

# စံပြကျေးရွာများ ဖြစ်ပေါ်လာစေရေး ကျေးရွာ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ မိသားစုဝင်ငွေတိုးပွားရေး လိုအပ်ချက်များ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇူလိုင် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ (ယာပုံ)

### ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာနှင့် သီရိမင်္ဂလာကျေးရွာတို့ရှိ တောင်သူများ၏ စိုက်ပျိုးမြေဧက ၂၁၀ အကျိုးပြုနိုင်မည့် ဝက္ကသေး ကျေးလက်ကုန်ထုတ်လမ်း အရှည် နှစ်မိုင် တစ်ဖာလုံ ဖောက်လုပ်နေမှုနှင့် ကုန်ထုတ်လမ်းပေါ်ရှိ ဆက်စပ်ကုန်ထုတ်တံတားများ တည်ဆောက်နေမှုကိုလည်းကောင်း၊ တောင်တွင်းကြီး-အောင်လံကားလမ်းမကြီးမှ အရှည် ရှစ်မိုင်လေးဖာလုံ၊ ကျေးရွာ ခြောက်ရွာရှိ လူဦးရေ ၆၅၀၀ ကျော် ဖြတ်သန်းသွားလာ အသုံးပြုသည့် လက်တက်-ပေပင်ယား-ကျောင်းတော်ရာ-ယာကြီးတော ကျေးရွာချင်းဆက်လမ်း လမ်းပိုင်းအလိုက် ကျောက်ချော၊ မြေနီကျောက်စရစ်၊ မြေသားခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်လံမြို့နယ် မင်းကန်ကျေးရွာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဘက်စုံသုံးခန်းမ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၁ ပေ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

### ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်

ယင်းနောက် ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့၏ ကျေးရွာလိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြစေလိုကြောင်း၊ ကျေးရွာ၏ တင်ပြချက်များအနက် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ အခြားဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ ပေါင်းစပ်ကာ စံပြကျေးရွာများဖြစ်ပေါ်လာစေရေးကျေးရွာ၏အခြေခံအဆောက်အအုံလိုအပ်ချက်များ၊ မိသားစုဝင်ငွေတိုးပွားရေး လိုအပ်ချက်များ တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အောင်လံမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုကို တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ သီရိခေတ္တရာခန်းမတွင်ကျင်းပသည့် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ထောက်ပံ့ပေးရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ (ဆီထွက်သီးနှံ) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စီမံကိန်းရန်ပုံငွေများ စနစ်တကျ အကျိုးရှိစွာ အသုံးချကြစေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းများ ပိုမိုအောင်မြင် အကျိုးရှိစေရန် တာဝန်ရှိသူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ တာဝန်ယူမှု တာဝန်ခံမှုဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

### ဆပ်ပြာချက် သရုပ်ပြဆောင်ရွက်

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ သဲကုန်း၊ ပေါင်းတည် စသည့်မြို့နယ် ခြောက်မြို့နယ်မှ ကျေးရွာ ၈၉ ရွာ စီမံကိန်းရန်ပုံငွေပေါင်း ငွေကျပ်သိန်း ၉၁၀၀ ကို သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ကာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းသူများက ဆပ်ပြာချက် သရုပ်ပြဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ကျောက်ဆည်မြို့နယ်ရှိ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နေမှုအခြေအနေနှင့် ၅၀၀ ကေဗွီအေ ကံကောင်းဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်နေမှုနှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၉၃ အနီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ ကံကောင်းဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိတ္ထီလာ-နေပြည်တော် - တောင်ငူ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၏ ကြံနှစ်ကောင်ဘိလပ်မြေစက်ရုံရှိ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ကုမ္ပဏီတာဝန်ရှိသူများကို ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားများအား အလျှင်မီမီ ထုတ်လုပ်ဖြန့်ဖြူး၍ အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### အထူးအလေးထားဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၉၃ အနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ ကံကောင်းဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းနှင့် မိတ္ထီလာ-နေပြည်တော် - တောင်ငူ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရရှိသည့်ဘဏ္ဍာငွေအပေါ် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုံခြုံရေးတို့ကို အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ၅၀၀ ကေဗွီအေ ကံကောင်းဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### (Back Bone)အနေဖြင့် အသုံးပြု

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ယခုဆောင်ရွက်လျက်ရှိသော ၅၀၀ ကေဗွီအေ ဓာတ်အားလိုင်းစီမံကိန်းသည် ယခုအချိန်တွင် ဓာတ်အားအများဆုံးထွက်ရှိရာ မြန်မာပြည်မြောက်ပိုင်းမှသည် ဓာတ်အားအများဆုံးအသုံးပြုရာ မြန်မာပြည်တောင်ပိုင်းသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပို့လွှတ်ရာတွင် ဝန်အားပြည့်နေခြင်းနှင့် ဓာတ်အားလိုင်းတစ်လိုင်း အပြစ်ဖြစ်လျှင် အရန်ဓာတ်အားလိုင်းမရှိ၍ System Break-down ဖြစ်ပွားခြင်း စသည့်အားနည်းချက်များ ဖြစ်ပေါ်နေသည့် အတွက် ပင်မကျောရိုး ဓာတ်အားလိုင်း(Back Bone) အနေဖြင့် အသုံးပြုရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

မူလတန်းကျောင်းများ၌ ကာကွယ်ဆေးမထိုးရသေးသည့် ကျောင်းသား ကျောင်းသူများ၊ ပထမအကြိမ် ထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း၊ ပညာရေးဌာနမှ ဝန်ထမ်း၊ Volunteer များက စာရင်းမှတ်တမ်းကောက်ယူခြင်း၊ ကိုယ်ပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

# အနာဂတ်တွင် ခေတ်မီတွဲတည်ဆောက်မှုများကို ကိုယ်ပိုင်နည်းပညာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ရွာထောင်ရှိ မြန်မာ့မီးရထား၏ ဒီဇယ်စက်ခေါင်းစက်ရုံသို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လျာထားချက်များ ပြည့်မီကျော်လွန်အောင် စွမ်းဆောင်နိုင်ရေး၊ စက်ရုံ၏ လုံခြုံမှုစနစ်ကောင်းမွန်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးကိစ္စရပ်များကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စက်ရုံဝင်းအတွင်းရှိ စက်မှုသင်တန်းကျောင်း အဆောက်အအုံတွင် သင်တန်းသားများကို သင်တန်းပို့ချနေမှု၊ လက်တွေ့လေ့ကျင့်လုပ်ဆောင်နေမှုနှင့် စက်ရုံ၏ လုပ်ငန်းခွင်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံရှိ ရွာထောင်ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး သက်ကြီးဘိုးဘွားများ စားသောက်နေထိုင်ရေးကိစ္စများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဆေးရုံ(ရွာထောင်)သို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ မိသားစုများအား ဆေးကုသပေးနိုင်မှု၊ ဆေးပစ္စည်း၊ ကိရိယာနှင့် ဆေးဝါး လိုအပ်ချက်အခြေအနေများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထားဆေးရုံ(မြစ်ငယ်) သို့ ရောက်ရှိပြီး လူနာများ လက်ခံကုသပေးနေမှု၊ ဆေးပစ္စည်းနှင့် ကိရိယာများ၊ ဆေးဝါးလိုအပ်ချက်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသနေသည့် လူနာများကို ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးက စက်ရုံမှ လူစီးတွဲသစ်များ တပ်ဆင်ထုတ်လုပ်ပေးနိုင်မှုကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက တွဲတည်ဆောက်မှု အတွေ့အကြုံများကို ရရှိခဲ့ပြီး နောင်အနာဂတ်တွင် ခေတ်မီတွဲတည်ဆောက်မှုများကို ကိုယ်ပိုင်နည်းပညာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ရရှိနိုင်သည့်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ပင် ဝယ်ယူရရှိနိုင်ရေး၊ မဖြစ်မနေ လိုအပ်မှသာလျှင် နိုင်ငံခြားမှ မှာယူတင်သွင်းအသုံးပြုရေး၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကို ဂရုစိုက်ဆောင်ရွက်ပေးရေး၊ စက်ရုံ၏ဝန်ထမ်း၊ ပစ္စည်းများ လုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုစိုက်ရေးမှာကြားကာ လိုအပ်သည်များဖြည့်ဆည်းပေးပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံများ၌ တွဲသစ်များ တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေ၊ အသုံးပြုနေဆဲလူစီးတွဲ ကုန်တွဲများ သက်တမ်းအလိုက် မွမ်းမံပြင်ဆင်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



**လေလွင့်ဆုံးရှုံးမှုမရှိစေရေး မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကွန်ကရစ် ဇလီဖားစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိပြီး ထုတ်လုပ်မှု စံချိန် စံညွှန်းပြည့်မီရေး ကုန်ကြမ်းပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေး-လားရှိုး ရထားလမ်းပိုင်းပေါ်ရှိ ဇီးပင်ကြီးဘူတာသို့ ရောက်ရှိပြီး RGC သံလမ်း ပြေးယာဉ်ဖြင့် လိုက်ပါ၍ ရထားလမ်းဘေးဝဲယာတစ်လျှောက် ချုံများ ရှင်းလင်းခြင်း ဆောင်ရွက်ပြီးစီးမှု၊ ကွန်ကရစ်ဇလီဖား ဖြည့်တင်းပြီးစီးမှုနှင့် လမ်းခင်းကျောက်ဖြည့်တင်းပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ဘူတာယာဒ်ဝင်းအတွင်း သံလမ်းမွမ်းမံပြင်ဆင်မှု၊ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးလျက် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ဓာတ်ပုံ၊ ကဗျာနှင့် ဆောင်းပါးများ ပြသသွားမည်

**နတ်မောက် ဇူလိုင် ၁၄**

(၇၅)နှစ်မြောက် အာဇာနည်နေ့တွင် နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ဓာတ်ပုံ၊ ကဗျာဆောင်းပါးများ ပြသနိုင်ရန် ဘုတ်ချပ်များ ပြုလုပ်နေခြင်းကို ဇူလိုင် ၁၀ ရက်မှစတင်၍ ဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် စီမံလန်းစိုပြည်သာယာလှပအောင် ဘက်စုံထိန်းသိမ်းရေးလုပ်ငန်းကော်မတီအဖွဲ့တို့က ကြီးကြပ်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံ၊ ကဗျာ၊ ဆောင်းပါးများ ပြသနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်၍ ရပ်နီးရပ်ဝေးရှိ ပြည်သူများ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**လှဝင်း**

❖ *ရှေ့ဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ –

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။


ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။



**(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၄

**၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားဝန်ကြီးဌာနတွင် ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ နိုင်ငံ့ဝန်ထမ်းသားသမီးများဖြစ်ကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅ ဦးရှိပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သော ကျောင်းသား ကျောင်းသူ ၄၀ ရှိသည့်အတွက် ၆၂ ရာခိုင်နှုန်း အောင်မြင်ခဲ့ပြီး ထူးချွန်စွာအောင်မြင်သည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈ ဦးကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဂုဏ်ထူးမရရှိသော်လည်း ကြိုးစားအားထုတ်မှုကြောင့် ရိုးရိုးအောင်မြင်သည့် ကျောင်းသား ကျောင်းသူ ၂၂ ဦးကိုလည်း အသိအမှတ်ပြု ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်းတို့က ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၀ ဦး စုစုပေါင်း ၁၈ ဦးကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနအလိုက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မူလတန်းတက်ရောက်သူ ၄၂၄ ဦးအတွက် တစ်ဦးလျှင် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းတက်ရောက်သူ ၂၄၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ နှုန်း၊ အထက်တန်းတက်ရောက်သူ ၁၈၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ တက္ကသိုလ်ဝင်တန်း တက်ရောက်သူ ၁၁၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၉၆၇ ဦးအတွက် ငွေကျပ် ၁၂၂၃၅၀၀၀ ကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် မှန်ကန်ကောင်းမွန်သည့် သဘောထားရှိရေးအပြင် အသက်မွေးဝမ်းကျောင်းနှင့် စွန့်ဦးတီထွင်ခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို အဆင့်မီမီ တတ်မြောက်နိုင်ရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် လှိုင်ကော်အကျဉ်းထောင်နှင့် လှိုင်ကော်မြို့မရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော အဖွဲ့သည် ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် လှိုင်ကော်အကျဉ်းထောင်နှင့် လှိုင်ကော်မြို့မရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အဆောင်လိုက်တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ပြီး ယခင်က ကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်နှင့် အချုပ်ခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ သောက်ရေ၊ သုံးရေကန်များ (ဝဲပုံ)၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့အကြံပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေမည်။

မိုး/ဇလ

# မိန့်မြွက်ထွေပြား ဟောဖော်ကြားသည့် ဓမ္မစက္ကအနှစ်ချုပ်တရား

ဒေါက်တာမြတ်မိုး

**ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိဖြစ်သည့် ဝါတွင်းသုံးလကာလသည်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမတို့တည်ရာ သာသနာဆိုင်ရာ ထူးခြားလေးနက်သော ကာလတစ်ခုဟု ဆိုထိုက်ပါသည်။**

### ထူးခြားလေးနက်ဓမ္မစက်

အနှစ်သာရတို့ဖြင့် ထူးခြားပြည့်နှက်နေသည်။ သန္ဓေတောထွက် ဓမ္မစက်၊ ရေမီးခြုံလွှံ တန်ခိုးတော်အစုံဖြင့် ပုထုဇဉ်အနွယ်မှ အရိယာအနွယ်သို့ စတင်ကူးပြောင်းပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ပေါ်ပေါက်ရာအစပြုကြောင်း နေ့တစ်နေ့အဖြစ် ယခုတိုင် ထင်ရှားဆဲဖြစ်ပါသည်။ ဤနေ့ ဤရက်တွင် ငါတို့၏ ဗုဒ္ဓမြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် တုသိတာနတ်ပြည်မှ စုတေပြီး လူ့ပြည်၌ ပဋိသန္ဓေတည်ခဲ့သည်။

သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော မမြဲသော နိမိတ်သဘောကို ကောင်းစွာမြင်၍ သံဝေဂရပြီး လောကကို အကျိုးပြု ပါရမီဖြည့်ရန် အလို့ငှာ တောထွက်တော်မူခဲ့သည်။ လာလှည့်၊ ရှုလှည့်ဟု ခေါ်တော်မူရာ ဧဟိဘိက္ခုဟူသော စကားနှင့်အတူ သာသနာအစပျိုးရာ ရဟန်းပုဂ္ဂိုလ်တို့သည် သီလစင်ကြယ်၊ သမာဓိစင်ကြယ်၊ ပညာစင်ကြယ်၊ မဂ်စင်ကြယ်ဖြင့် အေးချမ်းဖွယ်အတိဖြစ်သော အနုသယ ကိလေသာကင်းစင်ပြီး မြတ်ဘုရားရှင်ကို စတင်ဖူးခွင့်၊ နှုတ်ခွန်းဆက်ခွင့်ရရှိသော နေ့တစ်နေ့လည်းဖြစ်သည်။

ဂေါတမမြတ်စွာဘုရားကို ပဉ္စဝဂ္ဂီငါးဦးတို့၏ နှလုံးသားဝယ် ဘုရားသာသနာအဖြစ် စတင်တည်ပြီးနောက် မြတ်စွာဘုရားဟောကြားသော ဓမ္မစကြာတရားဦးဒေသနာတော်ကို ဦးဦးဖျားဖျား နာကြားခွင့်ရပြီးသကာလ တရားသာသနာကိုလည်း ဆက်တည်ခွင့်ရရှိခဲ့သည်ဟု ဆိုပါသည်။

### အသိနှင့်အကျင့်တွဲရာ သုတ္တန်တအရိယစက္ကသစ္စာတရား

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နေဝင်လထွက်ချိန်၌ ဓမ္မစကြာ သစ္စာတရားတော်ကြီးကို မေတ္တာကွန်ရက် ဖြန့်ကြက်ထားသည့် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောတွင် တရားနာကြားရန် တစ်ချိန်က ဘုရားရှင်အား ကျေးဇူးပြုခဲ့ဖူးသော ပဉ္စဝဂ္ဂီငါးဦးတို့အား ရွေးချယ်၍ ဦးစွာဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရား သိခဲ့၊ ကျင့်ခဲ့သော တရားသည် အရိယာသစ္စာ လေးပါးမြတ်တရားဖြစ်၏။ ပဋိသန္ဓေ၊ အို၊ နာ၊ သေ ဝဲသြဃသံသရာမှ လွတ်ရာလွတ်ကြောင်း အမှန်တရားတော်လည်း ဖြစ်သည်။ ရှေးဦးစွာ ကိုယ်တိုင်လည်းသိ၊ မိမိသိသလို စကြဝဠာပေါင်း တစ်သောင်းဆီက နတ်ဗြဟ္မာများ အပါအဝင် သတ္တဝါအားလုံးလည်း သိနားလည်အောင်၊ အသိနှင့် အကျင့်တွဲ၍ သိပြီးကျင့်နိုင်အောင် သုတ္တန်တွင် ပါဝင်သော ဤတရားတော်ကို ထိုးထွင်းသိဉာဏ် ပဋိဝေဓဉာဏ်တော်ဖြင့် ဟောတော်မူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ဗုဒ္ဓဟူ၍ အမည်တွင်ခြင်းသည်ပင်။ ၄၅ ဝါကာလပတ်လုံး မြတ်ဗုဒ္ဓဟောကြားခဲ့သော တရားဟောနည်းလေးမျိုးတွင် ဤဓမ္မစက္ကပဝတ္တနသုတ္တန်တရားတော်သည် မိမိအလိုကျအတိုင်း ဟောကြားသော တရားတော်ဖြစ်၍ အတ္တဇ္ဈာသယ တရားဟောနည်းတွင် ပါဝင်သော တရားတော်ဖြစ်သည်ဟုလည်း ဆိုပါသည်။



ဓမ္မသဘောအရ အရိယာမဂ်ဉာဏ်ရပြီးမှရရှိသော တရားတစ်ခုဖြစ်၍ အမှန်တရားတစ်ခုလည်း ဖြစ်သည်။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီးမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိသွားခြင်းဖြစ်သည်။ ထိုသို့ရရှိ၊ သိရှိရန်မှာလည်း ဗုဒ္ဓသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရပါသည်။ မြတ်စွာဘုရားသည် ဤမျှလေးနက်သော တရားတော်ကို သတ္တဝါအားလုံး အလွယ်တကူ သိနားလည်စွမ်းနိုင်အောင် ဟောကြားတော်မူနိုင်ပါပေသည်။ အဘယ့်ကြောင့်ဆိုသည်မူ မြတ်စွာဘုရားသည် အများနားလည်အောင် ဟောနိုင်စွမ်းသော ဒေသနာဉာဏ်ကို ပိုင်ဆိုင်ထား၍ဖြစ်ပါသည်။

### အကျင့်သုံးပါး ဤတရား

ဤဓမ္မစကြာတရားတော်ကြီးတွင် ကိလေသာအားလုံးမှ လွတ်ကင်းရန် အထူးသဖြင့် ရဟန်းတို့အတွက် အစွန်းတရားနှစ်ပါးမှ လွတ်အောင်ရှောင်ကြရန်လည်း ဆုံးမဟောကြားထား၏။ လက်ဝဲစွန်း၊ လက်ယာစွန်းအစွန်းနှစ်ပါးမှ လွတ်ကင်းအောင် မရှောင်နိုင်သူသည် အို၊ နာ၊ သေ ဒုက္ခဘေးမှ မည်သို့မှ မလွတ်ကင်းကုန် တစ်နည်းသံသရာမှ လွတ်မြောက်ရန်ခဲယဉ်းသည့်သဘော ဟောကြားသွား၏။

ဒေါသဦးစီး ပြင်းထန်လွန်းသော ဒုက္ခအစွန်းနှင့် လောဘဦးစီး ပျော့ညံ့လွန်းသောအစွန်း၊ ဤအစွန်းနှစ်ပါးမှ ရှောင်သွေရာသည် အပြစ်ကင်းသော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းပင် ဖြစ်သည်ကို အလင်းပြသွား၏။ ပုထုဇဉ်တို့အတွက်လည်း အမှန်မြင်၍ အမြင်မှန်ရန် ကြိုးစားအားထုတ်ယူတတ်ရပေမည်။

တဏှာအလိုမလိုက် ကိလေသာတွေကို ပယ်ဖျက်ရာ အလယ်အလတ်လမ်းသည်သာ လောကအလယ် ကျင်လည်စွမ်းရာ သင့်ပါသည်။ အဆင်း၊ အသံ၊ အနံ့ အရသာ ထိတွေ့ကြံစည်ရာ စသည့်အာရုံတိုင်းတွင် တွယ်ညိုနှစ်သက်လွန်းသူ ကျွန်တော်တို့လို လောကီလူသားအားလုံးအတွက် ခန္ဓာအလိုသို့ မလိုက်သည့် အပြစ်ကင်းရန် အလယ်လမ်းသည်သာ အမှန်ဆိုသည်ကို ရယူကြရန် တိုက်တွန်းလိုခြင်းဖြစ်ပါသည်။ လောဘအလို၊ ဒေါသအလိုကို လိုက်ခြင်းသည် ကိလေသာတွေ ထူပြောရာ အကုသိုလ်ဆီသို့ ဦးတည်သွားနိုင်သည်ဖြစ်၍ အလယ်အလတ်ဖြစ်သော လမ်းမှန်အကျင့်သည်သာ ကိလေသာတွေကို ငြိမ်းစေသည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့၍ ဖြစ်ပါသည်။ ဤလမ်းမှန်အကျင့်ကို ထူးကဲသောဉာဏ်ဖြင့် မြတ်စွာဘုရားကသိခဲ့ပြီး သစ္စာလေးပါးကိုလည်း ထိုးထွင်းသိမြင်သွားသည့်အခါ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုသွားနိုင်ခဲ့ပုံကို တရားတော်က ပြဆိုခဲ့ပါပြီ။

### ဖော်ထုတ်ထားရာ သစ္စာလေးပါးမြတ်တရား

ဓမ္မစကြာတရားဦးတွင် ဗုဒ္ဓသည် ဒုက္ခ၏ အကြောင်းရင်းကို ဖွေရှာထားသည်။ ဘဝသည် တက်လိုက်ကျလိုက်၊ နိမ့်လိုက်မြင့်လိုက်နှင့် ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်၊ ပျော်တစ်လှည့် ဝမ်းနည်းတစ်ခါ ဖြစ်လိုက်ပျက်လိုက်ဖြစ်နေပုံကို မြင်အောင်ကြည့်နိုင်ဖို့လိုပါသည်။ အားလုံးဟာ ဘာမှမမြဲ ဒုက္ခချည်းသာဖြစ်သည်။ ဒါသည်ပင် ဝင်လိုက် ထွက်လိုက်နှင့် အစဉ်ရှန်းကန်ရင်ဆိုင်ရသည့် ဘဝ၏ဖြစ်စဉ်တစ်ခုဖြစ်နေသည်။ ခန္ဓာ၊ ဇာတိရလျှင် ဘုရားအပါအဝင် မည်သူမဆို ဇရာ၊ မရဏ ကြုံရမည်သာဖြစ်သည်။ သံသရာတစ်လျှောက် ကျင်လည်ရှင်သန်ရာဘဝများ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေသည့် မပြောင်းလဲသော အမှန်သဘောတရားဖြစ်၍ ဒုက္ခသစ္စာမည်ပေသည်ဟု ဗုဒ္ဓက ဖော်ထုတ်ထားသည်။

ရှုပ်ထွေးလှသည့် ဒုက္ခ – ဆင်းရဲခြင်းအမှန်သဘော၏အကြောင်းရင်းဖြစ်သော၊ လောဘတဏှာ–သမုဒယသစ္စာဖြစ်သည့် ဆင်းရဲကြောင်းအမှန်သဘောများကိုပါ ဖော်ထုတ်ရှင်းလင်းထားသည်။ ဤအရှုပ်အထွေးမှ လွတ်ရာလွတ်ကြောင်း သီလ၊ သမာဓိ၊ ပညာ အင်္ဂါရှစ်ပါး ဆင်းရဲငြိမ်းကြောင်းမဂ္ဂင်လမ်းဖြင့် ဆင်းရဲငြိမ်းရာ နိရောဓသစ္စာတရားကိုပါ ပြဆိုခြင်းဖြင့် သစ္စာလေးပါး အမှန်တရားကို ဖော်ထုတ်ထားပါသည်။

### ဉာဏ်တော် တစ်ဆယ့်နှစ်ပါးမှာ သစ္စဉာဏ်တော့ရစေချင်

ဤသည်ပင် လေးမျိုးသော သစ္စဉာဏ်ဖြစ်သည်။ ခန္ဓာ၏သဘောကို "သိ" လျှင် "ပယ်" ရမည်။ အင်္ဂါရှစ်ပါးဖြင့် "ပွား"များလျှင် နိဗ္ဗာန်သို့"ဆိုက်" ရောက်ရလိမ့်မည် စသည်ဖြင့် လုပ်ငန်းကိစ္စ အမှန်သဘောများကိုလည်း တိတိကျကျညွှန်ပြထား၍ လေးမျိုးသောကိစ္စဉာဏ်ဖြစ်သွားသည်။ အမှန်တော့ ဗုဒ္ဓမြတ်စွာဘုရားသည် အထက်ပါ လုပ်ငန်းကိစ္စရပ်လေးမျိုးလုံးကို သိရှိပြီးဖြစ်သည်။ ထိုသို့သိပြီးဖြစ်သော ဉာဏ်ကို ကတဉာဏ်ဟု ခေါ်ပါသည်။ ဤသို့ သစ္စာလေးပါး တစ်ပါးစီတွင် ဖြစ်ရပ်မှန်၊ လုပ်ရပ်အမှန်၊ ချုပ်ရာအမှန်ကို သိသောဉာဏ်တော် သုံးပါးစီဖြင့် စုစုပေါင်း ဉာဏ်တော်တစ်ဆယ့်နှစ်ပါးကို ပိုင်းပိုင်း ခြားခြားသိမှသာ အတုမရှိ ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူလေသည်ဟု ဝန်ခံတော်မူကြောင်း မှတ်သားနာယူရပါသည်။ သို့သော် ကိုယ်ကိုယ်တိုင်သိအောင်မူ ခွဲခြမ်းစိတ်ဖြာမှုများစွာပြုရမည်ဖြစ်ပြီး သိသမျှ ကျင့်ရန်ကိုပါ အလေးအနက်ထား မမေ့အပ်ဖို့ လိုပါသည်။ မကျင့်နိုင်သေးသည်ထားဦးတော့၊ ဤသစ္စာတရားလေးပါးကို မှတ်သားနာယူရ၍ သိနေရသည်ကပင် သစ္စဉာဏ်တော့ ရေးရေးမျှရနေပြီလား မျှဝေအားပေးမိပါသည်။

ဓမ္မစကြာတရားတော်ကို ဟောကြားနာယူကြပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့သည်လည်း တစ်ဦးပြီးတစ်ဦး သောတာပန်ဖြစ်ကြကာ ဝါဆိုလပြည့်ကျော် ၅ ရက်တွင် အနတ္တလက္ခဏသုတ် ဟောကြားနာယူပြီးနောက် ငါးပါးလုံးလည်း ရဟန္တာဖြစ်ကြကုန်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် ဆိုင်ရာဆိုင်ရာ ဗုဒ္ဓ၏ ဓမ္မမြတ်တရားများကို သိအောင်သင်စေချင်ပါသည်။ တရားစစ်တရားမှန်များကို သိနားလည်အောင် နာကြားစေချင်ပါသည်။ သိပြီးနားလည်ပြီးလည်း ပယ်တတ်အောင်၊ ပွားတတ်အောင် ကျင့်ကြံစေလိုပါသည်။ သိပြီး၊ နားလည်ပြီး၊ ကျင့်ပြီးလျှင် ဘဝအသစ်တစ်ခု မရခြင်း၊ အဖန်ဖန် ဆင်းရဲဒုက္ခမဖြစ်ခြင်းသို့ မျက်မှောက်ပြုဆိုက်ရောက်ရပါလိမ့်မည်။ သဘာဝကျသော တရားဓမ္မများဖြစ်၍ ကျင့်ကြံမှသာ အကျိုးရှိပေမည်။

တကယ်တော့ ကျွန်တော်တို့ အားလုံးသည် နောက်ဆုံးအချိန်ဆိုသည်မှာ မသေချာ မကြာတော့သည်ဖြစ်၍ ဤလမြတ်ဝါဆိုအခါသမယကို အခွင့်အလမ်းအဖြစ် မှတ်ယူကာ ဓမ္မစကြာဒေသနာတော်ကြီးကို အဓိပ္ပာယ်ပြည့်ဝစွာဖြင့် နေ့စဉ်ရွတ်ဖတ်မှတ်ယူပူဇော် သင့်လှပါသည်။ သစ္စာလေးပါးကို အာရုံပြု၍ ဓမ္မစကြာဒေသနာကို ဝီရိယထားရွတ်ဖတ်ခြင်း သည် ပိဋကတ်သုံးပုံကို ရွတ်ခြင်းမည်ပါသည်။ ရွတ်ဖတ်ရုံဖြင့်မပြီး ကျင့်ကြံပါက ပိဋကတ်သုံးပုံကို လက်တွေ့ကျင့်ခြင်းမည်ပါသည်။ တရားကောင်းဖြစ်၍ စေတနာသဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် ကြိုးစားကြည့်စေလိုပါသည်။

အရာရာတိုင်းသည် မမြဲ၊ ဒုက္ခချည်းဖြစ်ကာ အစိုးမရသည်ချည်းဖြစ်၍ မိမိခန္ဓာကို အကျိုးရှိရှိ အမြတ်ထုတ် အသုံးပြုခွင့်ရခိုက်တွင် ခန္ဓာကို ဉာဏ်နှင့်ထပ်၍ သိနိုင် မြင်နိုင် ကျင့်နိုင်အောင် အဆင်သင့်ရှိကြစေလိုကြောင်း မေတ္တာဖြင့် အလေးထား မျှဝေလိုက်ရပါသည်။ ။

*** ဓမ္မစကြာတရားဦးတွင် ဗုဒ္ဓသည် ဒုက္ခ၏ အကြောင်းရင်းကို ဖွေရှာထားသည်။ ဘဝသည် တက်လိုက်ကျလိုက်၊ နိမ့်လိုက်မြင့်လိုက်နှင့် ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်၊ ပျော်တစ်လှည့် ဝမ်းနည်းတစ်ခါ ဖြစ်လိုက်ပျက်လိုက်ဖြစ်နေပုံကို မြင်အောင် ကြည့်နိုင်ဖို့လိုပါသည်။ အားလုံးဟာ ဘာမှမမြဲ ဒုက္ခချည်းသာဖြစ်သည်။ ဒါသည်ပင် ဝင်လိုက် ထွက်လိုက်နှင့် အစဉ်ရှုန်းကန်ရင်ဆိုင်ရသည့် ဘဝရဲ့ဖြစ်စဉ်တစ်ခုဖြစ်နေသည်။ ခန္ဓာ၊ ဇာတိရလျှင် ဘုရားအပါအဝင် မည်သူမဆို ဇရာ၊ မရဏ ကြုံရမည်သာ ဖြစ်သည်**



# တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး(**အပေါ်ပုံ**) စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၈၅)ကြိမ်မြောက်

ကြက်ခြေနီဇပဟိုကောင်စီအစည်းအဝေး

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၁)ရက်မှ ဇူလိုင်လ(၂၂)ရက်။

## ဘူးသီးတောင်တပ်နယ်နှင့် ဝါးခုတ်ချောင်းတပ်နယ်တို့ရှိ မိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ လက်ဝဲဒက် မိသားစုဘော်ဒါဆောင်၌ နေထိုင်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ တက်ရောက် သင်ကြားလျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဘူးသီးတောင်တပ်နယ်နှင့် ဝါးခုတ်ချောင်း တပ်နယ်တို့မှ မိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းကို ဇူလိုင် ၁၃ ရက်တွင် အဆိုပါမိသားစုဘော်ဒါဆောင်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ဘူးသီးတောင်တပ်နယ်နှင့် ဝါးခုတ်ချောင်းတပ်နယ်တို့မှ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဘော်ဒါဆောင်ဝင်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများလိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားရှိစီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀)မျိုးစာရင်း




### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သယံဇာတရေးရာဝန်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးသည်။**

တွေ့ဆုံစဉ် တိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှုတိုးတက်ရေး၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ ထိန်းသိမ်းရေး၊ ဒီရေတောဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်စောင့်ရှောက်ရေး၊ သစ်တောစိုက်ခင်းများ၊ ဒီရေတောစိုက်ခင်းများ၊ လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ခင်းများ၊ ကျေးရွာသုံးထင်းစိုက်ခင်းများ ဆက်လက်တည်ထောင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်း၊ အကွက်အမှတ် (၃၀) ရှိ စီးပွားရေးပျဉ်းကတိုးစိုက်ခင်း ဧက ၃၅၀ ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စိုက်ခင်းရှင်သန်အောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

**တာဝန်ကျေပွန်အောင်ထမ်းဆောင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ဦးစီးဌာန/လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရေရှည်မျှော်မှန်းချက်နှင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် မိမိတို့၏ ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



---

## စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။



သင်တန်း ဖွင့်ပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်သူ့ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လူမှုရေးအခြေခံ အဆောက်အအုံများ၏အကျိုးကျေးဇူးများကို ပြည်သူများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရန်နှင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ထိရောက်စွာ ကာကွယ် စောင့်ရှောက်နိုင်ရန် အတွက် စစ်ဆေးသူများသည် အဆိုပါလုပ်ငန်း စီမံကိန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု ရှိ မရှိကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေး ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ကြောင်း။

သင်တန်းသားများအနေဖြင့် လက်တွေ့ လုပ်ငန်းခွင်တွင် ကျင့်ဝတ်သိက္ခာနှင့်အညီ ထိရောက်စွာ ပြန်လည်အသုံးချခြင်းဖြင့် ပြည်သူ့အကျိုးကို စိတ်စေတနာကောင်းဖြင့် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (နေပြည်တော်) သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က သင်တန်းသားများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၈ ဦး တက်ရောက်မည်ဖြစ်ပြီး ISSAI Based Financial Audit, ISSAI Based Performance Audit, ISSAI Based Compliance Audit အပါအဝင် ဘာသာရပ်ခြောက်ခုကို ဩဂုတ် ၆ ရက်အထိ ရက်သတ္တသုံးပတ်ကျော် သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုးအပါအဝင် ပျိုးပင်ပေါင်း ၁၈၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## Mr. Peter Vowles ၏ တွစ်တာစာမျက်နှာ၌ ရေးသားချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းတုံ့ပြန်

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ထွက်ခွာရသည့် အကြောင်းရင်းကို ၁၃-၇-၂၀၂၂ ရက်က ၎င်း၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြထားမှုသည် မှန်ကန်မှုမရှိသည့်အပြင် ဖြစ်ရပ်မှန်နှင့် ကွဲလွဲလျက်ရှိနေသည်ကို တွေ့ရှိရကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဗြိတိန်အစိုးရက Mr. Peter Vowles အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ၂၉-၄-၂၀၂၁ ရက်တွင် အဆိုပြုသဖြင့် မြန်မာအစိုးရက ၂၂-၆-၂၀၂၁ ရက်တွင် သဘောတူညီကြောင်း ပြန်ကြားခဲ့သည်။ ၎င်းသည် ၂၉-၇-၂၀၂၁ ရက်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ပြီးနောက် သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ (Ambassador-Designate) တစ်ဦးအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်း၏ခန့်အပ်လွှာမိတ္တူကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ခန့်အပ်လွှာကို နိုင်ငံတော်အကြီးအကဲထံသို့ လည်းကောင်း ပေးအပ်ရန်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ပေးအပ်ရန် ရှောင်လွှဲခဲ့သောကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ဗြိတိန်နိုင်ငံဘက်သို့ Mr. Peter Vowles ၏ ပြည်ဝင်ဗီဇာကို ကန့်သတ်ခဲ့ကြောင်း သိရသည်။

ယင်းအခြေအနေတွင် ဗြိတိန်နိုင်ငံဘက်က Mr. Peter Vowles အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန် သံအမတ်ကြီးအဖြစ် အဆိုပြုထားမှုကို ရုပ်သိမ်းကြောင်းနှင့် ရန်ကုန်မြို့၊ ဗြိတိန်သံရုံး၊ သံရုံးယာယီတာဝန်ခံအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း ပြောင်းလဲအဆိုပြုခဲ့ရာ ၎င်းအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့်အတွက် သံရုံးယာယီတာဝန်ခံ ခန့်အပ်မည်ဆိုပါက ၎င်းအစား အခြားပုဂ္ဂိုလ်တစ်ဦးအား ပြန်လည်အဆိုပြုရန်ဖြစ်ကြောင်း မြန်မာဘက်က အကြောင်းကြားခဲ့ကြောင်း သိရသည်။

Mr. Peter Vowles က ၎င်း၏ကိုယ်ပိုင်ပစ္စည်းများကို သိမ်းဆည်းရန်အတွက် ၂၁-၆-၂၀၂၂ ရက်မှ ၁၅-၇-၂၀၂၂ ရက်အထိ မြန်မာနိုင်ငံသို့ ဝင်ရောက်လိုကြောင်း ဗြိတိန်ဘက်မှ မေတ္တာရပ်ခံခဲ့မှုကို နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခု Mr. Peter Vowles မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ခြင်းမှာ ၎င်း၏ ပြည်ဝင်ဗီဇာသက်တမ်းမကုန်ဆုံးမီ ထွက်ခွာသွားခြင်းသာဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စတွင် Mr. Peter Vowles အနေဖြင့် ခန့်အပ်လွှာပေးအပ်ခြင်းမပြုဘဲ မြန်မာနိုင်ငံ၌ သံအမတ်ကြီးအဖြစ် လာရောက်နေထိုင်လိုခြင်းဖြစ်ပြီး ဗြိတိန်ဘက်က သံတမန်ကျင့်ထုံး၊ ကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်မှုမပြုခဲ့ခြင်းသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ရခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

**သတင်းစဉ်**

---

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မိုင်းခတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက မိုင်းခတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ ရဲနိုင်အောင်(ခ) သားကြီးသည် ၎င်းအသုံးပြုသည့် “Ye Naing Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၂)ရပ်ကွက်နေ သန့်စင်ကိုသည် ၎င်းအသုံးပြုသည့် “Thant Sin Ko” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောင်သစ်လွင်ရပ်ကွက်နေသူများဖြစ်သည့် စိုးမင်းနှင့် စန္ဒာဝင်းတို့နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Soe Min” Facebook အကောင့်နှင့် “Sandar Win” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာနေ အိသက်မွန်သည် ၎င်းအသုံးပြုသည့် “Daw Ei Thet Mon” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှု ပြုလုပ်

**သံဖြူဇရပ် ဇူလိုင် ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှု အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီခွဲမှ စတင်၍ သံဖြူဇရပ်မြို့နယ် ဝယ်သွန်ချောင်ကျေးရွာရှိ ခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းငွေထွန်းက အခမ်းအနားသို့ တက်ရောက်လာကြသည့် တိရစ္ဆာန် မွေးမြူထားသော ခြံပိုင်ရှင်များကို တိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိသည့် ခွာနာ၊ လျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါနှင့် အာဖရိကဝက်ပြင်းဖျားရောဂါ ကာကွယ်ရေးအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ မွေးမြူရေးခြံများသို့ သွားရောက်ပြီး ဝက်များကို ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ပိုးသတ်ဆေးပက်ဖျန်းခြင်းများ ပြုလုပ်သည်။

အဆိုပါ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု ရက်သတ္တပတ် အခမ်းအနားကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအတွင်းရှိ မွေးမြူရေးခြံများမှ ခြံပိုင်ရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**အေးအေးသီ(ပြန်/ဆက်)**

■ *ကျောဖုံးမှ*

ယခု ဆီမီးဖိုင်နယ်တွင် ယင်းလေးသင်းတွေ့ဆုံနေသဖြင့် ပွဲကောင်းဖြစ်လာနိုင်ပြီး ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ တစ်လှည့်စီ ချန်ပီယံဆုရယူနေမှုကို မြန်မာနှင့် ဖိလစ်ပိုင်အသင်းက အဆုံးသတ်နိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် ဒုတိယနေရာသာရခဲ့သဖြင့် တစ်ဖက်အုပ်စုတွင် ပထမနေရာရလာသည့် ထိုင်းအသင်းနှင့် ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ကစားရမည့် ထိုင်းအသင်းသည် အုပ်စုပွဲများတွင် ရှုံးပွဲမရှိခဲ့ဘဲ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားတို့ကို အနိုင်ရကာ ဩစတြေးလျနှင့် သရေကျပြီး အုပ်စုပထမနေရာရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် တီမောအသင်းကို ခုနစ်ဂိုးပြတ်၊ ကမ္ဘောဒီးယားအသင်းကို သုံးဂိုးပြတ်၊ ဖိလစ်ပိုင်အသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့ပြီး အုပ်စုနောက်ဆုံးပွဲတွင် ဗီယက်နမ်အသင်းကို လေးဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဗီယက်နမ်နှင့် ပွဲမတိုင်မီကတည်းက ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်သလို ဗီယက်နမ်နှင့်ပွဲအပြီး တစ်ရက်သာနားကာ ဆီမီးဖိုင်နယ်ကစားရမည်ဖြစ်သောကြောင့် အမာခံကစားသမားများ အင်အားပြည့်ကစားနိုင်ရန် ဗီယက်နမ်နှင့်ပွဲတွင် အရန်လူငယ်ကစားသမားများကိုသာ အသုံးပြုခဲ့သဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ၂၀၂၂ ခုနှစ် မေလက ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအုပ်စုအဆင့်တွင် တွေ့ဆုံဖူးပြီး တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် ၂၀၁၅ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ဆီမီးဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသဖြင့် ယခုနှစ်တွင် ဗိုလ်လုပွဲသို့ ပြန်လည်တက်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်တို့က ချန်ပီယံဆုများ ရရှိခဲ့သည်။ မြန်မာအသင်းသည် အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဆုနှင့် ဆယ်စုနှစ် တစ်ခုကျော်ကြာ ဝေးကွာလျက်ရှိသည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

❖ *ကျောဖုံးမှ*

ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲ - နှစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၈ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ နေ့စဉ်နံနက် ၈ နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ဘော်လီဘောအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၄**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများသည် ပျဉ်းပုံကြီးတပ်နယ် နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၆-၇-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၂၉) တွင် ကလေးတို့အနေဖြင့် ဖြစ်ပေါ်လာသော အကြောင်းအရာများကို အကျိုးအကြောင်းဆက်စပ်၍ ဆင်ခြင်ဆုံးဖြတ်နိုင်စေရန် တင်ဆက်ထားသည့် "ခရေပန်းကောက်ကြမယ်" မျက်နှာဖုံး ဇာတ်လမ်း၊ ကလေးများအနေဖြင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများသည် မမေ့အပ်သည့်ကျေးဇူးရှင်များဖြစ်ကြောင်းကို တင်ဆက်ထားသည့် "အာဇာနည်နေ့တို့မမေ့" သုတဆောင်းပါး၊ ကလေးတို့ ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ကလေးတို့အနေဖြင့် မိမိတို့တွင် ကျရောက်လာမည့်အန္တရာယ်ကို ကာကွယ်နိုင်ရန် ကိုယ်ခံပညာကို သင်ယူထားသင့်သော်လည်း သူတစ်ပါးအပေါ် အနိုင်မကျင့်သင့်ကြောင်းကို တင်ဆက်ထားသည့် "ဖြိုးရဲနှင့် ကိုယ်ခံပညာ"နှစ်မျက်နှာကာတွန်း၊ ဘောလုံး ကစားရာ၌ ပြိုင်ဘက်အသင်း နှစ်သင်းလုံးက




အနိုင်ယူလိုသော်လည်း အသင်းတစ်သင်းက အနိုင်ရ၍ ကျန်အသင်းတစ်သင်းက ရှုံးနိမ့်မည်ဖြစ်ရာ ၎င်းအရှုံးကို ကျေကျေနပ်နပ်ဖြင့် လက်ခံသင့်ကြောင်းကို တင်ဆက်ထားသည့် "အပြုံးနှင့်အနိုင်"ဝတ္ထု၊ မိမိ၏ ထင်မြင်ယူဆချက်ဖြင့် ဆောင်ရွက်ပါက အမှားကြုံတွေ့နိုင်ပုံကို တင်ဆက်ထားသည့် "ဆေးဆရာဦးအောင်ကြီး" တစ်မျက်နှာ ကာတွန်း၊ အပေါ်ယံအလှအပများဖြင့် မာန်တက်ကာ သူတစ်ပါးကို ကဲ့ရဲ့တတ်သောအကျင့်ကြောင့် နောင်တရသွားသော နှင်းဆီပန်းလေးနှင့် သူတစ်ပါး၏ အခက်အခဲကို ကူညီတတ်သော ရှားစောင်းလက်ပပ်ပင်လေးတို့ အကြောင်းကို ရေးဖွဲ့ထားသည့် "ဘဝင်မြင့်တဲ့ နှင်းဆီပန်းလေး" ပုံပြင်၊ ကလေးတို့အနေဖြင့် ပေးထားသော ရုပ်ပုံကို မိမိတို့စိတ်ကြိုက်အရောင်များဖြင့် ခြယ်သနိုင်မည့် "ဆေးရောင်လှလှ ခြယ်ရအောင်" ဉာဏ်စမ်း၊ ရန်ပိုင်စိုးသည် သူငယ်ချင်းများနှင့် သူခိုးနှင့် ပုလိပ်လုပ်တမ်းကစားရာ၌ သူ့ကို သူခိုးလုပ်ခိုင်းသဖြင့် အိမ်ပြန်ကာ ဦးလေးလုပ်သူ ဖတ်ပြသော ပုံပြင်ကိုသာ နားထောင်တော့မည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ ကစားလိုက် အိမ်သို့ပြန်ကာ အစားစားလိုက်နှင့် အလုပ်မလုပ်ဘဲ အချိန်ကုန်နေသော အာဘွားကို သူ၏မိခင်က မိဘလုပ်စာ ထိုင်စားနေသည်ဟု ပြောသည်ကို သူ၏ သူငယ်ချင်းနှင့် ပြန်လည်ပြောဆိုပုံကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "မိဘလုပ်စာကို ထိုင်မစားတော့ပါ" နှစ်မျက်နှာကာတွန်း၊ Adjective (နာမဝိသေသန) များ၏ အသုံးအနှုန်းနှင့် ဝါကျများတွင် Adjective များ ထည့်သွင်းအသုံးပြုပုံ အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မူဆယ်မြို့နယ် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုများပြုလုပ်

**မူဆယ် ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လှုပ်ရှားမှုကို ဇူလိုင် ၁၁ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ရက်သတ္တပတ်အဖြစ်သတ်မှတ်၍ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ လှုပ်ရှားမှုပြုလုပ်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ စန္ဒာကြည်က မွေးမြူရေး တိရစ္ဆာန်များတွင်ဖြစ်သည့် ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါနှင့် အာဖရိက ဝက်အပြင်းဖျား ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ လက္ခဏာများကို စူးစမ်းထောက်လှမ်းခြင်း၊ နမူနာကောက်ယူခြင်းနှင့် ဓာတ်ခွဲခန်းသို့ ပေးပို့ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇီဝလုံခြုံမှုလုပ်ငန်း များ ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း (ဝဲပုံ) စသည့်လုပ်ငန်းများကို နမ့်အွမ်၊ မိုင်းယုကျေးရွာအုပ်စု များသို့ ရက်သတ္တပတ်အတွင်း ဆောင်ရွက်လျက်ရှိပြီး မူဆယ်မြို့နယ်၌ ကျန်ရှိကျေးရွာများသို့ ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဌာနဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများဖြင့် ဖွဲ့စည်းထားသော အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အယ်လ်စိုး(မူဆယ်)

# တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ (၃၀-၃-၂၀၂၁)ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁) နှစ် သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေး ကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း -၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) ၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ (၅) ရပ်နှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မော်တော်ယာဉ် မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

( ခ ) မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ၊ နောက်မှ လိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုး မြဲမြံစွာတပ်ဆင်အသုံးပြုရန်၊

( ဂ ) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရန်၊

(ဃ) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံး မပြုရန်၊

( င ) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း မပြုရန်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**



# မြန်မာ့ရုပ်ရှင်နှင့်ဂီတပညာရှင် ထပ်ဆင့်အကယ်ဒမီ စန္ဒရားတင်ဝင်းလှိုင် ကွယ်လွန်

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာ့ရုပ်ရှင်နှင့် ဂီတပညာရှင် ထပ်ဆင့်အကယ်ဒမီ စန္ဒရား တင်ဝင်းလှိုင်သည် ရန်ကုန်မြို့ အာရှတော်ဝင် ဆေးရုံကြီး၌ အဆုတ်နှင့် ကျောက်ကပ်ဝေဒနာကို ဆေးကုသမှုခံယူနေစဉ် ယနေ့နံနက် ၁ နာရီ မိနစ် ၂၀ တွင် ကွယ်လွန်သွားကြောင်း သိရသည်။

အကယ်ဒမီ စန္ဒရား တင်ဝင်းလှိုင်သည် အသက် ၁၀ နှစ်ကျော်အရွယ်ကတည်းကပင် စန္ဒရားလက်သံဆုကို ရရှိခဲ့သည့်အပြင် ဒါရိုက်တာ သာခု ရိုက်ကူးသည့် "တာဝန်" ရုပ်ရှင်ဇာတ်ကားတွင်လည်း သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ ထို့ပြင် ၎င်းသည် မြန်မာသံ ကိုယ်ပိုင်သံစဉ် သီချင်းများစွာကို လည်း ရေးသားခဲ့သည့်အပြင် ကိုယ်တိုင်လည်း သီဆိုပြီး ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ၏ နောက်ခံတေးသီချင်းများ၊ ဇာတ်ဝင်တေး သီချင်းများကို ပုံဖော်တီးခတ် ဖန်တီးပေးခဲ့သည့် ဂီတပညာရှင်တစ်ဦးလည်း ဖြစ်သည်။ "ချမ်းမြေ့ပါစေ" သီချင်းမှာ စန္ဒရားတင်ဝင်းလှိုင်ရေးသားခဲ့သည့် သီချင်းများအနက် လူသိအများဆုံး သီချင်းဖြစ်သည်။

စန္ဒရားတင်ဝင်းလှိုင်သည် ၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားတွင် "ကြယ်စင်မော်ကွန်း" ရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားတွင် "ကွမ်းလုံးရက်၄၀" ရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုများ ရရှိခဲ့သူဖြစ်သည်။ ထို့အတူ ၎င်းသည် ယခုနှစ်မတ်လ ၂၇ ရက် တပ်မတော်နေ့တွင် နိုင်ငံတော်မှ ချီးမြှင့်သည့် လူမှုထူးချွန် (ဒုတိယ) အဆင့်ကို ရရှိခဲ့သည်။

မြန်မာ့ရုပ်ရှင်နှင့် ဂီတပညာရှင် ထပ်ဆင့်အကယ်ဒမီ စန္ဒရား တင်ဝင်းလှိုင်သည် ကွယ်လွန်ချိန်တွင် အသက် ၇၇ နှစ်ရှိပြီဖြစ်ပြီး ၎င်း၏ရုပ်ကလာပ်ကို ဇူလိုင် ၁၆ ရက် စနေနေ့တွင် ရေဝေးသုသာန်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းသုံးယောက်တွဲအဖွဲ့လိုက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၄**




မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ် ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C) ရုံ၌ ယနေ့ နံနက် ၈ နာရီမှစတင်၍ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သုံးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် အသင်းက ကယားပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နေပြည်တော်ကောင်စီ နယ်မြေ အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဆက်လက်၍ သုံးယောက်တွဲ အဖွဲ့လိုက် (အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ် အသင်းကမန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်း က မကွေးတိုင်းဒေသကြီးအသင်း ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ (ဝဲပုံ) ပဲခူးတိုင်းဒေသကြီးအသင်း က တနင်္သာရီ တိုင်းဒေသကြီးအသင်း ကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက နေပြည် တော်ကောင်စီနယ်မြေအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အဆိုပါ ၂၀၂၂ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ နံနက် ၈ နာရီမှ စတင်၍ သုံးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် ဖိုင်နယ်လုပွဲကို ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပြိုင်ပွဲများအပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ပြုလုပ်မည်ဖြစ်သဖြင့် ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆိုအခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်းများ အတည်ပြု

**ရန်ကုန် ဇူလိုင် ၁၄**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်းများ အတည်ပြုလိုက်ပြီဖြစ်သည်။ ဆီးဂိမ်းအဖွဲ့ချုပ် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဇူလိုင် ၁၂၊ ၁၃ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်ခဲ့ရာ အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယင်းအားကစားနည်းများတွင် ၃၉ မျိုးကိုသာ ဆုတံဆိပ်ချီးမြှင့်မည်ဖြစ်ပြီး Teqball အားကစားနည်းကို သရုပ်ပြပြိုင်ပွဲအဖြစ်သာ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆုတံဆိပ်ချီးမြှင့်မည့် အားကစားနည်း ၃၉ မျိုးမှာ ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့် စနူကာ၊ ကာယဗလ၊ လက်ဝှေ့၊ စစ်တုရင်၊ ခရစ်ကတ်၊ စက်ဘီး၊ Dance Sports ၊ E-sports ၊ သုံးမျိုးစုံ၊ ဓားရေး၊ Finswimming ၊ Floorball ၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ Jet Ski ၊ ဂျူဒို၊ ကရာတေး၊ Kun Khmer ၊ Martial Arts (ဂျူဂျစ်ဆု၊ ဗိုဗီနမ်၊ ကစ်ဘောင်ဆင်၊ Arnis ၊ Kun Bokator ၊ Martial Arts Korea)၊ Obstacle Race ၊ ပီတန်း၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ Silat ၊ Soft Tennis ၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာလှေ၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့် ဝူရှူးအားကစားနည်းတို့ဖြစ်ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံအများစုအနေဖြင့် မြားပစ်၊ သေနတ်ပစ်၊ စစ်တုရင် (နိုင်ငံတကာ)၊ ကျွမ်းဘား (Rhythmic) နှင့် Kurash အားကစားနည်းများ ထပ်တိုးကျင်းပရန် တောင်းဆိုထားသည်။

မြန်မာအားကစားအဖွဲ့များသည် လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်ပြီး ပြီးခဲ့သည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ကိုးခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု ရရှိခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် (၃၁) ကြိမ်မြောက်နှင့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့်ကာလမှာ တစ်နှစ်သာကြာမြင့်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# မင်းပြားမြို့နယ်၌ ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်

**မင်းပြား ဇူလိုင် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မင်းပြားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေလူငယ်၊ လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း မြို့နယ် ကျေးလက်ဦးစီးမှူး ဦးမောင်မောင်သိန်းထံမှ သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ် သင်ကြားရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆရာက သင်တန်းတွင် ပို့ချသင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး မင်းပြားမြို့ပေါ်မှ ဆိုင်ကယ်စက်ပြင်ကျွမ်းကျင်ဆရာများက ရက် ၂၀ ကြာ စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ကိုထွန်း**

# မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် တောင်ပိုင်းကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဩရိဿပြည်နယ်မြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မိုး/ဇလ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၂၅ | ၁၇၇၀ | ၁၇၆၅ | ၁၇၃၅ | ၁၇၇၀ | ၁၇၉၀ | ၁၇၈၀ | ၁၇၅၅ | ၁၈၅၀ | ၁၈၆၅ | ၁၇၆၀ | ၁၇၇၀ | ၁၈၀၅ | ၁၈၀၅ | ၁၈၁၀ | ၂၀၃၀ | ၂၆၃၅ |
| 95 Ron | ၁၇၉၀ | ၁၈၄၀ | ၁၈၃၅ | ၁၈၀၀ | ၁၈၃၅ | ၁၈၆၀ | ၁၈၄၅ | ၁၈၂၅ | ၁၉၂၀ | ၁၉၃၅ | ၁၈၃၀ | ၁၈၄၅ | ၁၈၇၅ | ၁၈၇၅ | ၁၈၇၅ | ၂၀၉၅ | ၂၆၉၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၉၂၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၂၈၉၅ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၂၈၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၃၄ | ၁၇၀၁ |
| 95 Ron | ၁၇၀၀ | ၁၇၆၇ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## စိုက်ပျိုးရေးသာမက မွေးမြူရေးလုပ်ငန်းများကို မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်

လယ်ဝေး ဇူလိုင် ၁၄

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် ယနေ့မွန်းလွဲ ၁ နာရီက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ဝေးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လယ်ဝေးခရိုင်အတွင်း စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးရေးတွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)



ရှေးဦးစွာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များအား Green City ၊ Clean City ၊ Smart City အဖြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ဝေးခရိုင်သည် ယခုအသစ်တိုးချဲ့ဖွဲ့စည်းသည့် ခရိုင်ဖြစ်သော်လည်း ယခင်ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးမွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ကုန်တိုးတက်ရေး၊ စိုက်ပျိုးရေးသာမက မွေးမြူရေး လုပ်ငန်းများကို မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိသားစုလူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့် မြို့ပြကွာဟမှု မရှိစေရေးအတွက်အိမ်ထောင်စုတိုင်းဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍစုံမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လယ်ဝေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက မိတ်ဆက်ဆွေးနွေး၍ လယ်ဝေးခရိုင်အတွင်းရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများက တစ်ဦးချင်းမိတ်ဆက်၍ ဌာနအလိုက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နွေရာသီတွင် နေကြာ၊ အစေ့ထုတ်ပြောင်းနှင့် နှံစားပြောင်းများ သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် ယခုကတည်းက အစီအမံများ ရေးဆွဲတင်ပြ၍ ကြိုတင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ကျန်းမာရေးအသိ၊ လုံခြုံရေးအသိတို့ဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မင်းလှမြို့၌ မြစိမ်းရောင်အတိုးရငွေဖြင့် တည်ဆောက်သည့် ကျေးရွာဘက်စုံသုံးခန်းမ ဖွင့်လှစ်

မင်းလှ ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာနမှ မြစိမ်းရောင် စီမံကိန်းအတိုးရငွေဖြင့် တည်ဆောက်သည့် အင်ကြင်းကုန်းအုပ်စု ကျောက်တိုင်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီး၍ စံပြကျေးရွာအဖြစ် ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် ပြောကြားပြီး ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်သည့် မြေနေရာလှူဒါန်းသည့် ကျောက်တိုင်ကျေးရွာနေ ဦးညိုဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတတ်ရေး ဦးစီးဌာန ဦးစီးမှူး၊ ကျေးရွာမြစိမ်းရောင်ကော်မတီဝင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ကျေးရွာဘက်စုံသုံးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ) အဆိုပါ ဘက်စုံသုံးခန်းမသည် ကျေးရွာမြစိမ်းရောင်စီမံကိန်း ရန်ပုံငွေမှ အတိုးရငွေ၏ ၅၀ရာခိုင်နှုန်းဖြင့် ခွင့်ပြုငွေကျပ် ၆၅ သိန်းကို အသုံးပြု၍ အလျားပေ ၆၀၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေ ရှိုးခန်းပါ RC တစ်ထပ်ဆောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

# သီရိလင်္ကာသမ္မတကို စင်ကာပူ ဝင်ရောက်ခွင့်ပြု

**စင်ကာပူ ဇူလိုင် ၁၄**

သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပက်ခ်ဆာကို သီးသန့်ခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် ပြောကြားလိုက်သည်။

သီရိလင်္ကာသမ္မတ ရာဂျာပက်ခ်ဆာသည် ဆော်ဒီလေကြောင်းဖြင့် မော်လ်ဒိုက်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာလာခဲ့ကြောင်းနှင့် ချန်ဂီလေဆိပ်သို့ ည ၇ နာရီ ၁၇ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း ပြည်တွင်းသတင်း မီဒီယာများတွင် ဖော်ပြထားသည်။

မီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားရာတွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ရာဂျာပက်ခ်ဆာသည် ခိုလှုံခွင့်မတောင်းခဲ့သလို ခိုလှုံခွင့်လည်း မရခဲ့ကြောင်း ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် မည်မျှကြာကြာနေထိုင်သွားမည် သို့မဟုတ် အခြားသွားစရာနေရာတစ်ခုခု စိတ်ထဲတွင် ရှိနေသလားဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း အစောပိုင်းက စထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြခဲ့သည်။

ရာဂျာပက်ခ်ဆာသည် ဇူလိုင် ၁၃ ရက်က သီရိလင်္ကာနိုင်ငံမှ မော်လ်ဒိုက်သို့ ထွက်ခွာလာခဲ့သည်။

လွှတ်တော်၌ မဲစနစ်ဖြင့် ဇူလိုင် ၂၀ ရက်တွင် သမ္မတသစ်ကို ရွေးကောက်တင်မြှောက်မည်ဖြစ်ကြောင်း သီရိလင်္ကာလွှတ်တော်ဥက္ကဋ္ဌ မဟင်ဒါ ရာပါအဘေးဝါဒီနာက ဇူလိုင် ၁၃ ရက်ကပြောကြားလိုက်သည်။ **ဆင်ဟွာ**




သီရိလင်္ကာသမ္မတ ရာဂျာပက်ခ်ဆာကို တင်ဆောင်လာသော ဆော်ဒီလေကြောင်းလိုင်းလေယာဉ် စင်ကာပူ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်ကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၂၂ ခုနှစ်အတွင်း ပြည်ပခရီးသွား တစ်သန်း ဝင်ရောက်ရန် မျှော်လင့်

**ဖနောင်ပင် ဇူလိုင် ၁၄**

ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ပြည်ပခရီးသည် တစ်သန်းခန့် ဝင်ရောက်ရန် မျှော်လင့်ထားပြီး ၂၀၂၀ ခုနှစ်အတွင်းက ဝင်ရောက်ခဲ့သည့် အရေအတွက်ထက် နှစ်သိန်းခန့် ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်းက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ပြည်ပခရီးသည် ၅၁၀၀၀၀ ဝင်ရောက်ခဲ့ပြီးဖြစ်ရာ ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၉၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အများစုမှာ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားအများဆုံး ဝင်ရောက်ခဲ့ကြောင်း ၎င်းကဆိုသည်။

အဆိုပါ ကိန်းဂဏန်းများအရ ၂၀၂၂ ခုနှစ်အတွင်း ပြည်ပခရီးသည် တစ်သန်းဝင်ရောက်ရန် ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားပြီး ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသည် နှစ်သန်းဝင်ရောက်ရန် ရည်မှန်းထားကြောင်း ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးပိတ်ပွဲတွင် ခွန်းက ပြောကြားသည်။

ခရီးသွား လုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးအတွက်အဓိကမဏ္ဍိုင်ကြီးလေးရပ်အနက် တစ်ခုဖြစ်ပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်များအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကာလ မတိုင်မီ၏အခြေအနေသို့ပြန်လည်ရောက်ရှိရန် မျှော်မှန်းထားသည်။

ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၏ အချက်အလက်များအရ အဆိုပါကာလမတိုင်မီ ၂၀၁၉ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၆ ဒသမ ၆ သန်း ဝင်ရောက်ခဲ့သဖြင့် နိုင်ငံ့ဝင်ငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံအထိ ရရှိခဲ့သည်။

ကမ္ဘောဒီးယား နိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအနက် ပြည်ပခရီးသွား ဝင်ရောက်မှုအတွက် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပြီး နယ်စပ်ဝင်/ထွက်ဂိတ်များ ပထမဆုံး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားထားသည်။ လက်ရှိ ကမ္ဘောဒီးယားနိုင်ငံ၌ ပြေးဆွဲနေသည့်လေကြောင်းလိုင်း ၂၄ ခုရှိပြီး ပထမနှစ်ဝက်ကာလအတွင်း ပျံသန်းပြေးဆွဲခဲ့သည့် လေကြောင်းခရီးစဉ်ပေါင်း ၂၂၁၄ ကြိမ်ရှိခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ၁၄၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**



## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

### Monkeypox ရောဂါသည် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဟုတ်၊ မဟုတ်ဆုံးဖြတ်ရန် အစည်းအဝေးကျင်းပမည်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Monkeypox ဗိုင်းရပ်စ်ကူးစက်မှုသည် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဟုတ်၊ မဟုတ် ဆုံးဖြတ်ရန်အတွက် Monkeypox ရောဂါပညာရှင်များ ကော်မတီ အစည်းအဝေးကို ဇူလိုင် ၂၁ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ က ထုတ်ပြန်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၆၃ နိုင်ငံတွင် Monkeypox ရောဂါ ဖြစ်ပွားသူ ၉၂၀၀ ရှိကြောင်း ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက ထုတ်ပြန်လိုက်ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Monkeypox ရောဂါဆိုင်ရာ အရေးပေါ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ပြန်လည်ခေါ်ယူလိုက်ခြင်းဖြစ်သည်။

### ပါကစ္စတန်နိုင်ငံတွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၁၆၅ ဦးသေဆုံး

ပါကစ္စတန်နိုင်ငံတွင် ဇွန် ၁၄ ရက်မှ စတင်ကာ မုတ်သုံရာသီအကြိုကာလအတွင်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ယာဉ်မတော်တဆမှုများကြောင့် စုစုပေါင်း ၁၆၅ ဦးသေဆုံးပြီး ၁၇၁ ဦး ဒဏ်ရာရရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (NDMA) က ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။ နိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိရစ္ဆာန်စုစုပေါင်း ၁၃၁၉ ကောင် သေဆုံးခဲ့သည်။ အိမ်ခြေ ၃၅၀ ခန့်မှာ လုံးဝပျက်စီးသွားပြီး အခြားနေအိမ် ၇၈၁ အိမ်မှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကြောင်း သိရသည်။

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသဖြင့် အမြင့်ဆုံးသတိပေးချက်ထုတ်ပြန်ရန် လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ပြော

**တိုကျို ဇူလိုင် ၁၄**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာချိန်တွင် အမြင့်ဆုံးသတိပေးချက်များထုတ်ပြန်ရန် လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ဇူလိုင် ၁၄ ရက်က ပြောကြားလိုက်သည်။

ဇူလိုင် ၁၄ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၇၇၈၈ ဦးရှိကြောင်း အစိုးရက အတည်ပြုပြောကြားလိုက်ချိန်တွင် ဂျပန်ဝန်ကြီးချုပ်၏ ယခုကဲ့သို့ မှတ်ချက်စကား ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံမြို့တော်တွင် ယခင်က တစ်ခါမျှမကြုံတွေ့ခဲ့ဖူးသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ရုတ်တရက်ထိုးတက်လာသည်ကို တွေ့ရှိပြီးနောက် အစိုးရ၏ ကိုဗစ်-၁၉ ကျွမ်းကျင်အဖွဲ့က ဇူလိုင် ၁၄ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး သတိပေးခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လက်ရှိနှုန်းအတိုင်းသာ ဆက်လက်ကူးစက်ဖြစ်ပွားနေမည်ဆိုပါက သီတင်းပတ်တစ်ပတ်ကြာပြီးနောက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေ အတွက်သည် ၂၃၀၀၀ ထက် ကျော်လာနိုင်ကြောင်း ကိုဗစ်-၁၉ ကျွမ်းကျင်အဖွဲ့က ပြောသည်။ သီတင်းပတ်နှစ်ပတ်ကြာပြီးနောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၃၀၀၀ ထက်မနည်း ရှိလာနိုင်ကြောင်း ၎င်းတို့က ပြောသည်။

ဇူလိုင် ၁၄ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၆၆၂ ဦး ရှိခဲ့သည်။

ကျန်းမာရေးကျွမ်းကျင်သူများက ကိုဗစ်-၁၉ သတိပေးချက်နှင့်ပတ်သက်ပြီး အဆင့်လေးဆင့်ရှိသည့်အနက် အမြင့်ဆုံးသတိပေးချက် ထုတ်ပြန်ထားသည်။ ဧပြီလမှစပြီး ယခုလိုအမြင့်ဆုံးသတိပေးချက်ထုတ်ပြန်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဆောင်ရွက်ချက်များကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း ကီရှီဒါက ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဆေးရုံတွင် ကာလဝမ်းရောဂါ ကူးစက်ခံရသူ ၁၈၀ ရှိ

**ကန်ဒါဟာ ဇူလိုင် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာမြို့ရှိ မီယာဝေ့စ် ဆေးရုံသို့ ကာလဝမ်းရောဂါ ကူးစက်ခံရသူ အနည်းဆုံး ၁၈၀ တင်ပို့ထားကြောင်း အဆိုပါဆေးရုံမှ ဆရာဝန်တစ်ဦးက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

#### ကလေးငယ် ၂၀ သေဆုံး

ရောဂါကူးစက်ခံရသူ ၇၄ ဦးကျော်မှာ ရှာဝါလီကော့ခရိုင်မှ ဖြစ်ကြောင်း၊ အဆိုပါခရိုင်အနီးရှိ ဟဲလ်မန်းဒ် ပြည်နယ်တွင်လည်း ကာလဝမ်းရောဂါ ကူးစက်ခံရမှုကြောင့် ကလေးငယ် ၂၀ သေဆုံးခဲ့ကြောင်း ဒေါက်တာ ဆောဂူးနော်ဇာဒီက ဆိုသည်။ ဟဲလ်မန်းဒ်ပြည်နယ်အတွင်းရှိ ဘန်ဂရမ်ခရိုင်တွင်လည်း လူပေါင်း ၁၅၀ ခန့် ရောဂါ ကူးစက်ခံထားရကြောင်း ဒေသခံများက ပြောကြားသည်။

#### သန့်ရှင်းသော သောက်သုံးရေမရ

ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပွားရသည့် အကြောင်းရင်းတစ်ရပ်မှာ အဆိုပါဒေသအတွင်း ရာသီဥတုပူပြင်း ခြောက်သွေ့မှုကြောင့် သန့်ရှင်းသောသောက်သုံးရေမရရှိခြင်းကြောင့်ဖြစ်ကြောင်း ရှာဝါလီကော့ခရိုင်မှဒေသခံ ဒို့မိုဟာမက်က ဆိုသည်။

#### ကျန်းမာရေး အခြေခံအဆောက်အအုံများ နည်းပါး

အာဖဂန်နစ္စတန်၏ ဝေးလံခေါင်းပါးသည့် နေရာများတွင် ကျန်းမာရေး အခြေခံအဆောက်အအုံများ နည်းပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ချို့တဲ့ခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိမှု နည်းပါးခြင်းတို့ကြောင့် ဒေသခံများမှာ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားခဲ့ကာ အကူအညီများ လိုအပ်လျက်ရှိသည်။

**ဆင်ဟွာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၇-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ ပေတ္တသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ စစ်မီးငြိမ်းချိန်တန်ပါပြီ
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ အသွင်ဆန်းပြားဟိုကျင်းရွာမှ အာဝါလူမျိုးများ (CBT)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၀)
၁၆:၁၅ လူငယ်ရေးရာအစီအစဉ်
၁၇:၁၅ ASEAN Information Exchange Initiative Program (Part-3)
၁၇:၃၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတစေပြာသီရိဂေဟာ
၁၉:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း 'အဆိပ်ချိုချို'
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'သီချင်းနိုင်ငံရာ (၂)' မြန်မာပြည်သိန်းတန်တေးသီချင်းများဖျော်ဖြေပွဲ ထုတ်လွှင့်မှု

### mitv

07:02 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:12 Ocularist
07:31 The History Of Mrauk U Pagoda
07:47 Weaving Craft for a living
08:01 The Strokes of Myanmar
08:28 Bridge On The River Tapam
08:50 Myanmar Masterclass: Artist Maung Aye
09:01 News
09:26 Global Partnership for Brighter Future: Benin Pavilion at Expo 2020 Dubai
09:35 The Art of Sand Painting
09:44 Myanmar Invites You
10:01 Thin Byu Mat

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ(ညီတူညီမျှ)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချို) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ယာတဲဆောက်ခြင်းနှင့်ပေါင်းမြက်ရှင်းခြင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဈေးကွက်ဝင်ငရုတ်ပင်စိုက်ပျိုးနည်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရွှေတိဂုံမြို့တော်

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အာလူးထောင်းကြော်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
မန်ကျည်းပင်တစ်ပင်ရဲ့အကျိုးကျေးဇူး

**ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရသေ့ပျံဂူသို့အလည်တစ်ခေါက်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၂၀ ASEAN Information Exchange Initiative 2022 (Part-6)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အရေးပါလှသည့်မိန်းမလှကျွန်း
၀၆:၄၅ ဆင်သေချောင်းနံဘေးကတောင်သူဘဝ
၀၇:၁၅ သစ်ပင်စိုက်ပါတို့ကမ္ဘာသာယာလှပစိမ်းမြမြ
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၉:၀၀ ခံတက်ချဉ်စိုက်ကွင်းသို့အလည်တစ်ခေါက်
၀၉:၅၀ ဝါမျိုးစေ့သန့်စင်ဆေးဆိုးခြင်းအကြောင်း သိကောင်းစရာ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ရွေးချယ်



**သီပေါ ဇူလိုင် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ဘုရားကြီးမုခ်ဦးကျောင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများကြွရောက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ရှေးဦးစွာ ဩဝါဒါစရိယ ဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မိလိန္ဒအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားလျက် ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးစိုင်းသာညွန့်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအုန်းကြွယ်၊ အတွင်းရေးမှူး ဦးအောင်ကျော်မိုးနှင့် အမှုဆောင်များကို လည်းကောင်း၊ ဘဏ္ဍာရေးအဖွဲ့ ခေါင်းဆောင် ဦးစိုင်းဆာအောင် (ရွှေဩဇာ) နှင့် အဖွဲ့ကို လည်းကောင်း၊ ပြန်ကြားရေးနှင့်သမိုင်းပြုစုရေးအဖွဲ့ ခေါင်းဆောင် ဦးစိုင်းသာလှိုင်နှင့် အဖွဲ့ကို လည်းကောင်း၊ စာရင်းစစ်ဆေးရေး အဖွဲ့ခေါင်းဆောင် ဦးတင်မောင်မောင်နှင့် အဖွဲ့ဝင်များကို လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ဆက်လက်၍ ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးစိုင်းသာညွန့်က ဆက်လက်ဆောင်ရွက်ရမည့် ဘုရားကြီးဘက်စုံပြုပြင်ရေး လုပ်ငန်းများ သုံးထပ်ဆောင် (RC) သာသနာ့ဗိမာန်တော်ကြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဗိမာန်တော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူမည့် ရုပ်ပွားတော် သုံးဆူပင့်ဆောင်ရေး၊ ဘုရားကြီးပရိဝုဏ်အတွင်းရှိ ဆုတောင်းပြည့်စေတီတော်နှင့် ရန်ပြေမာန်ပြေစေတီတော်မြတ် ရှေးမူမပျက် ပြုပြင်မွမ်းမံမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားရာ ဂေါပကများက သာသနာတော်အဓွန့်ရှည်ကြာစွာ တည်တံ့ရေးအတွက် ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရာတွင်စိတ်အားထက်သန်စွာ အုပ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ထို့နောက် သမိုင်းဝင်ပေါ်ကြိုဘုရားကြီး ဂေါပကအဖြစ် ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄-၇-၂၀၂၂

### ရွှေ

၁၄-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၀၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၃၈၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၅ ကျပ် | ၂၃၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၇၅ ကျပ် | ၁၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၅၀ ကျပ် | ၁၉၉၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၅၄ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၂၀ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၆၇၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၃၁ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၆ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၄ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၁၆၂ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၄၀၀ | ၂၀၆ | ၁၅၂၄၉၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၁၅၈၉ | ၄၂၁၀၈၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁၃ | ၉၄၉၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၄၄၉ | ၁၁၂၂၅၀၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁၀၀ | ၂၅၀၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၉၄ | ၉၅၀၆၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဇူလိုင် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၁ ရာခိုင်နှုန်းရှိ

**(၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၄၂,၄၀၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၇၈၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၉) ခု | (၃) ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၅၉) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၂၀၇) ခု | (၁၁) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၁၄**



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၈၆၅၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၃၅၂၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၂၅၈၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၈၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၀၇၂၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၇၄၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အတွင်းရှိကျောင်းသား ကျောင်းသူ ၂၈၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု နှာခေါင်းစည်း ယာဉ်စီးရေ နှစ်စီးဖြင့် ၉ ဒသမ ၆၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**


**လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကိုဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံးစက္ကန့်(၂၀) ကြာဆေးကြောပါ။**

# တရုတ်-အာဆီယံကုန်စည်ပြပွဲ၌ ဒေသထွက်ကုန်ပြခန်း ၃၀ အထိ ဝင်ရောက်ပြသမည်

ရန်ကုန် ဇူလိုင် ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး(ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၀၄ ခုနှစ်မှ ယခုနှစ်အထိ ကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲ (China-ASEAN Expo)သို့ မြန်မာနိုင်ငံမှ ၁၉ ကြိမ်မြောက် ပါဝင်ပြသမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 19th China-ASEAN Expo) နှင့်စပ်လျဉ်း၍ ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက်က Zoom Meeting ဖြင့် ပြုလုပ်ခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ တာဝန်ရှိသူများနှင့် ပြပွဲသို့ ပါဝင်ပြသမည့် မြန်မာကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။




ကုန်စည်ပြပွဲနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို အွန်လိုင်းမှ ပြုလုပ်စဉ်။

ယခင်နှစ်များက မြန်မာနိုင်ငံမှ မြန်မာကုမ္ပဏီလုပ်ငန်းရှင်များကိုယ်တိုင် သွားရောက်ပါဝင်ပြသခဲ့ကြသော်လည်း ၂၀၂၀ ပြည့်နှစ် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမှ စတင်၍ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်မှု ကန့်သတ်ချက်များကြောင့် မြန်မာလုပ်ငန်းရှင်များသည် လူကိုယ်တိုင်သွားရောက် ပါဝင်ပြသမှု မရှိကြသဖြင့် မိမိတို့ပြသမည့် မြန်မာနိုင်ငံမှ မြန်မာ့ထွက်ကုန်ပစ္စည်းများပေးပို့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ လုပ်ငန်းမိတ်ဖက်ကိုယ်စားလှယ်များက ပြသပေးမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှ မြန်မာ့ထွက်ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၃၀ ဖြင့် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်ပြခန်းများအပြင် တရုတ်-အာဆီယံကုန်စည်ပြပွဲ ကာလအတွင်း National Image ပြခန်းဆောင်ကို ၅၄ စတုရန်းမီတာ အကျယ်အဝန်းရှိသည့် နေရာ၌ပြသပြီး မြန်မာနိုင်ငံဒေသအရပ်ရပ်မှ ထင်ရှားသောမြို့များ၏ ရှုခင်းများ၊ မြန်မာ့ရိုးရာပွဲတော်များ၊ စီးပွားရေးပြခန်းများ ဝင်ရောက်ပြသရန် စီစဉ်လျက်ရှိသည်။

**သီရိ**

---

## တစ်ပတ်အတွင်း အခြေခံစားကုန်ဈေးကွက်

ရန်ကုန် ဇူလိုင် ၁၄

**ဇူလိုင် ၇ ရက်မှ ၁၃ ရက်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်အခြေအနေများကို သုံးသပ်ရလျှင် မတ်ပဲ တစ်တန် ကျပ် ၁၇ သိန်းမှ ၁၆ သိန်းအောက်သို့ ပြန်လည်ကျဆင်းလာခဲ့ခြင်းနှင့် တရုတ်အာလူးအသစ်များ အပါအဝင် အာလူးမျိုးစုံ ပိဿာချိန် ရှစ်သောင်းကျော် ဈေးကွက်သို့ ဝင်ရောက်လာခဲ့ခြင်းတို့မှာ ထူးခြားဖြစ်စဉ်များ ဖြစ်လာခဲ့သည်။**

### မတ်ပဲ၊ ပဲစင်းငုံ

ဇူလိုင် ၁၃ ရက်၌ မတ်ပဲFAQ/RC တစ်တန်လျှင် ကျပ် ၁၅၇၉၀၀၀၊ SQ/RC တစ်တန် ကျပ် ၁၇၉၉၀၀၀၊ ပဲစင်းငုံနီ RED/RC တစ်တန် ကျပ် ၁၄၇၇၅၀၀ နှုန်း ရှိခဲ့ကြောင်း သိရသည်။ မတ်ပဲတစ်တန် ဈေးနှုန်းသည် ဇူလိုင် ၄ ရက်တွင် ကျပ် ၁၇၀၇၅၀၀ နှုန်း ရှိရာမှ ၁၀ ရက်အတွင်း တစ်တန်လျှင် ကျပ် ၁၂၈၅၀၀ အထိ ကျဆင်းလာသည်ကို မြင်တွေ့ရသည်။

### ဆန်

မိုးတွင်းကာလမို့ ရွှေဘိုပေါ်ဆန်း ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာသည်မှအပ ကျန်ပေါ်ဆန်း မွှေးဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်။ ရွှေဘိုပေါ်ဆန်း လက်ကားဈေး တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၇၀၀၀ အတွင်း၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း လက်ကားဈေး တစ်အိတ် ကျပ် ၅၄၀၀၀၊ ဖျာပုံတစ်အိတ် ကျပ် ၅၁၀၀၀၊ မီးဒုံး (ပေါ်ကျွဲ) တစ်အိတ်ကျပ် ၄၀၀၀၀၊ ဆန်ကြမ်း ရက် ၉၀ တစ်အိတ် ကျပ် ၃၅၀၀၀-၃၆၀၀၀၊ သီးထပ်ဆန်ကြမ်း တစ်အိတ်လျှင် ကျပ် ၃၂၅၀၀ ဝန်းကျင် ဈေးနှုန်းရှိသည်။

### ကြက်သွန်

ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ အပြောင်းအလဲမရှိ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ ကြူကုတ်ကြက်သွန်ဖြူမှာ ဇူလိုင် ၁၁ ရက်က တစ်ပိဿာ ကျပ်၂၉၀၀ ဝန်းကျင် ဈေးရှိလာသည်။ ဇူလိုင် ၁၃ ရက်တွင် မုံရွာနယ်ထွက် ကြက်သွန်နီ လက်ကား တစ်ပိဿာ ကျပ် ၁၂၀၀ မှ ၁၆၅၀ အထိ၊ ဆိပ်ဖြူ တစ်ပိဿာ ကျပ် ၁၁၅၀ မှ ၁၆၅၀ နှုန်း ရှိကြပြီး အောင်ပန်းကြက်သွန်ဖြူမှာ တစ်ပိဿာ ကျပ် ၂၀၀၀ မှ ကျပ် ၃၆၀၀ အထိ အစားစားရှိကြောင်း သိရသည်။

### အာလူး

အောင်ပန်း ကုန်းစပ်ရေစပ်အာလူး၊ တရုတ်အာလူးစသည်ဖြင့် အာလူးမျိုးစုံဈေးကွက်သို့ ဇူလိုင် ၁၃ ရက်က ဝင်ရောက်လာခဲ့သည်။ အောင်ပန်းအာလူးမှာ တစ်ပိဿာ ကျပ်၁၅၅၀ မှ ၁၆၅၀၊ တရုတ်အာလူးမှာ တစ်ပိဿာ ကျပ် ၁၅၀၀ စသည်ဖြင့် ဈေးရရှိကြောင်း သိရသည်။

### စားအုန်းဆီ

ရန်ကုန် ပြင်ပဆီဈေးကွက်အတွင်း ဇူလိုင် ၁၁ ရက်က ကန်ဆီလက်ကား တစ်ပိဿာ ကျပ် ၇၈၀၀ နှုန်းရှိခဲ့သည်။ ဇူလိုင် ၁၃ ရက်တွင် ပြင်ပလက်ကား ကန်ဆီဈေး တစ်ပိဿာ ကျပ် ၇၂၀၀ နှုန်းသာ ရှိလာသည်။ ယခုအပတ်အတွင်း ရန်ကုန်အထိုင်ရည်ညွှန်း လက်ကားစားအုန်းဆီ တစ်ပိဿာဈေးနှုန်း ကျပ် ၄၆၅၀ သာရှိ၍ ဆီဈေးကွက်တွင် ဆီလက်ဝယ်ရှိနေသူများ အသော့နှင့်ရောင်းချနေကြသည်ကိုလည်း မြင်တွေ့ရပြီး ဈေးနှုန်းများလည်း ကျဆင်းလာခဲ့သည်။

### ငရုတ်

ဇူလိုင် ၁၃ ရက် ရန်ကုန်ငရုတ်ဈေးကွက်တွင် ဆင်ဖြူကျွန်းငရုတ်ပွ အအေးခန်းထုတ် လက်ကား တစ်ပိဿာ ကျပ် ၁၁၀၀၀၊ မြစ်ပွငရုတ်ပွအလုံးကြီး (အအေးခန်းထုတ်) ကျပ် ၁၃၀၀၀၊ စိမ်းစားငရုတ်ပွ ရိုးရိုးတစ်ပိဿာ ကျပ် ၁၀၅၀၀၊ ဟသ်ာတမိုးထောင် (အအေးခန်းထုတ်) တစ်ပိဿာ ကျပ် ၉၀၀၀၊ ပန်းရဲငရုတ်ရှည်ရိုးရိုး ကျပ် ၈၃၀၀၊ အအေးခန်းထုတ် ကျပ် ၉၅၀၀၊ သဲတောမိုးထောင် အသစ်တစ်ပိဿာ ကျပ် ၈၅၀၀၊ နယ်သာလန်မျိုး သဲတောနယ်ထွက် ငရုတ်ရှည်အသစ် ကျပ် ၈၅၀၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

---

## ရန်ကုန်တိုင်းအတွင်း အခြေခံစားကုန်များ ရွေ့လျားဈေးကားများဖြင့် ဆက်လက်ရောင်းချ

ရန်ကုန် ဇူလိုင် ၁၄

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဆန် Exporter ကုမ္ပဏီကြီးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန်အတွက် ရန်ကင်း၊ သာကေတ၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာ၊ တာမွေမြို့နယ်များတွင် ဆန်ကြမ်းတစ်ပြည် ကျပ် ၁၀၀၀၊ ပေါ်ဆန်းမွှေးတစ်ပြည် ကျပ် ၁၇၀၀၊ ဆီငါးဆယ်ကျပ်သား တစ်ဘူး ကျပ် ၂၉၀၀၊ ကြက်ဥ ၁၀ လုံးတစ်ကတ် ကျပ် ၁၇၀၀ နှုန်းဖြင့် ဇူလိုင် ၁၃ ရက်က ရွေ့လျားဈေးကားဖြင့် ရောင်းချပေးလျက်ရှိသည်။

**ကိုရိုး**

---

## အလုပ်ရှင်နှင့်အလုပ်သမားကြား ချိတ်ဆက်ပေးမည့် Joblinkage ဝက်ဘ်ပေါ်တယ် မိတ်ဆက်

မန္တလေး ဇူလိုင် ၁၄

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအတွက် လိုအပ်သော ကျွမ်းကျင်ဝန်ထမ်းများကို တစ်နေရာတည်းမှ လျင်မြန်စွာရရှိစေရန် MRCCI Joblinkage Web Portal (https://mrccijoblinkage.com/) ကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

MRCC Joblinkage ၌ နယ်ပယ်ပေါင်းစုံမှ အလုပ်အကိုင်များအတွက် သက်ဆိုင်ရာကုမ္ပဏီများက တိုက်ရိုက်ခေါ်ယူထားမှုများကို မြင်တွေ့ရမည်ဖြစ်ပြီး အလုပ်အကိုင်ရရှိလိုသူများ လွယ်ကူစွာ ချိတ်ဆက်နိုင်မည်ဖြစ်သည်။ MRCCI Joblinkage Web Portal တွင် မိမိ၏ profile ကို စိတ်ကြိုက်တည်ဆောက်နိုင်သည့်အပြင် မိမိအရည်အချင်းနှင့် ကိုက်ညီသောအလုပ်များကို ကုမ္ပဏီများသို့ တိုက်ရိုက်လျှောက်ထားနိုင်ပြီး ဝန်ဆောင်ခ လုံးဝပေးစရာမလိုဘဲ ရွေးချယ်ခံရသော ဝန်ထမ်းများအား သက်ဆိုင်ရာကုမ္ပဏီများမှ တိုက်ရိုက်ပြန်လည်ဆက်သွယ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

MRCCI Joblinkage သည် MRCCI အသင်းကြီးနှင့် IHK (Reutlingen CCI) တို့ ပူးပေါင်းထူထောင်ထားသော Web Portal ဖြစ်ပြီး လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အလုပ်ရှာဖွေနေသော ဝန်ထမ်းများအကြား ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားတစ်ခုဖြစ်လာရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုရိုး**




---

## ရိုးရာလက်မှုနှင့် အထည်အလိပ်ကဏ္ဍ ကုန်စည်ရောင်းဝယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၁၄

အာဆီယံ -ဂျပန်စင်တာ၏ ဖိတ်ကြားချက်အရ ရိုးရာလက်မှုပစ္စည်းနှင့် အထည်အလိပ်ကဏ္ဍတိုးတက်ရေးအတွက် အမှတ်တံဆိပ်မြှင့်တင်ခြင်းနှင့် ကုန်စည်ရောင်းဝယ်ဆိုင်ရာ အရည်အချင်းမြှင့်အလုပ်ရုံဆွေးနွေးပွဲ (Online workshop on Branding and Merchandising for Traditional Craft and Textile Industry) ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကကြီးမှူး၍ ၂၀၂၂ ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စား တက်ရောက်လိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ ကုန်သည်/စက်မှုအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုရိုး**


## ကမ္ဘာတစ်ဝန်း ကွန်ပျူတာရောင်းချမှုများ ပြန်လည်ကျဆင်းလာနိုင်

ပြီးခဲ့သည့်နှစ်များအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူဦးရေ သန်းရာပေါင်းများစွာတို့ နေအိမ်မှ အလုပ်လုပ်ခြင်း၊ ပညာသင်ကြားခြင်းစသည်တို့ ပိုမိုလုပ်ဆောင်ခဲ့ကြသဖြင့် ကမ္ဘာတစ်ဝန်း ကွန်ပျူတာရောင်းချမှု မြင့်တက်ခဲ့သည်။ နည်းပညာမျိုးစုံပါဝင်သည့် မိုဘိုင်းဖုန်းများကြောင့် ကွန်ပျူတာဈေးကွက်မှာ နှစ်အတန်ကြာ ကျဆင်းတဲ့ဆိုင်းခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် တင်ပို့ရောင်းချမှု နှစ်ဆပိုမိုမြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်က PC ကွန်ပျူတာ အလုံးရေ သန်း ၃၄၀ ကျော် တင်ပို့ရောင်းချခဲ့ကြသည်။

သို့သော် ယခုအခါ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်လာခြင်း၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများနှင့် ကိုဗစ်အလွန် နောက်ဆက်တွဲကာလ ငွေကြေးဖောင်းပွခြင်းများကြောင့် ကမ္ဘာ့ကွန်ပျူတာ PC တင်ပို့ရောင်းချမှုသည် ယခုနှစ်တွင် ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

Gartner အမည်ရှိ လုပ်ငန်းတစ်ခုမှ သုံးသပ်ချက်အရ ပထဝီဝင်နိုင်ငံရေးလှုပ်ရှားမှုများ၊ ငွေကြေးဖောင်းပွမှု၊ ငွေကြေးအတက်အကျနှင့် ရောင်းလိုအားဖြည့်ဆည်းပေးနိုင်မှု ကွင်းဆက်များသည် ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာစက်ပစ္စည်းများနှင့် သုံးစွဲသူများ၏ဝယ်လိုအားကို လျော့နည်းလာစေ၍ ကွန်ပျူတာရောင်းဝယ်ရေးလုပ်ငန်းများ လျော့ကျသွားနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်သည် ကွန်ပျူတာဈေးကွက်အတွက် ရိုက်ခတ်မှုအများဆုံးနှစ်ဖြစ်ကြောင်း သုံးသပ်ထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီ Windows 7 အဆုံးသတ်သွားခဲ့သလိုခုနှစ်နှစ်ကြာ တိုးတက်မှုမရှိခဲ့သည့် ကွန်ပျူတာရောင်းဝယ်ရေးလုပ်ငန်းများ ၂၀၁၉ ခုနှစ်တွင် အဆုံးသတ်သွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပြန်လည်ကောင်းမွန်လာသည့်အနေအထားရှိခဲ့ခြင်းဖြစ်သည်။ ကပ်ရောဂါ မဖြစ်ပေါ်ခဲ့လျှင် အဆိုပါလုပ်ငန်းသည် မေ့မိန်လာဖွယ်ရှိသည့် အနေအထားဖြစ်သည်။




## စင်ကာပူသို့ အင်ဒိုနီးရှားမှ ကြက်သားနှင့် ကြက်သားထုတ်ကုန်များ တင်ပို့ရန် ကြိုးပမ်း

မလေးရှားနိုင်ငံမှ ကြက်သားနှင့် ကြက်သားထုတ်ကုန်များ ပြည်ပသို့ တင်ပို့မှုကို ပိတ်ပင်ခဲ့ပြီးနောက် စင်ကာပူနိုင်ငံစားနပ်ရိက္ခာဌာန (Singapore Food Agency-SFA) သည် နိုင်ငံတွင်းလိုအပ်ချက်ကြောင့် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် ကြက်သားရရှိနိုင်သည့် အရင်းအမြစ်များမှ ကြက်သားနှင့် ကြက်သားထုတ်ကုန်များကို တင်သွင်းခွင့်ပြုသွားရန် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။

စင်ကာပူနိုင်ငံအစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ကြက်အရှင်အပါအဝင် အအေးပေးကြက်သား၊ အေးခဲကြက်သားနှင့် ပြုပြင်စီမံထုတ်လုပ်ထားသည့် ကြက်သားထုတ်ကုန်များကို သွင်းကုန်အနေဖြင့် တင်သွင်းခွင့်ပြုမည်ဟု အသိပေးကြေညာချက်တစ်ရပ်ကို ဇွန် ၃၀ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

SFA ၏ ပြောကြားချက်အရ အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီသုံးခုကို ကြက်သားနှင့် ကြက်သားထုတ်ကုန်များ တင်သွင်းနိုင်ရန် အတည်ပြုထောက်ခံချက်များ ခွင့်ပြုထုတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ အခြားကုမ္ပဏီ ၁၂ ခုသည်လည်း စင်ကာပူနိုင်ငံသို့ ကြက်သားနှင့်ကြက်သားထုတ်ကုန်များတင်ပို့နိုင်ရေး ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် SFA သို့ လျှောက်ထားတင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ကြက်သားနှင့်ကြက်သားထုတ်ကုန် တန် ၂၁၄၄၀၀ ခန့်ကို တင်သွင်းခဲ့ပြီး ဘရာဇီးနိုင်ငံမှ ၄၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံမှ ၃၄ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှ ၈ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ ၁၀ ရာခိုင်နှုန်း အသီးသီးတင်သွင်းခဲ့ကြောင်း သိရသည်။

## အီးယူနှင့် နယူးဇီလန်နိုင်ငံတို့အကြား FTA လက်မှတ်ရေးထိုး

အီးယူနှင့် နယူးဇီလန်နိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (Free Trade Agreement-FTA) ကို ဇွန်လကုန်တွင် ဥရောပကော်မရှင်က လက်မှတ်ရေးထိုးခဲ့သည်။ FTA အရ ကုန်သွယ်မှုတွင် အကောက်ခွန်နှုန်းထားများကို ဖြေလျှော့ဖယ်ရှားမည်ဖြစ်ပြီး ရေရှည်တည်တံ့မှုဆိုင်ရာ လိုက်နာရန်အချက်များ အပါအဝင် ဥရောပရှိ အမဲသားနှင့် သိုးသားမွေးမြူထုတ်လုပ်သူများအတွက် အကာအကွယ်ပေးမှုများကိုလည်း ထည့်သွင်းထားသည်။

ယခု ကုန်သွယ်ရေးသဘောတူညီချက်တွင် ရေရှည်တည်တံ့မှုဆိုင်ရာ လိုက်နာရန်အချက်များကို ယခင် FTA များနှင့်မတူဘဲ ထည့်သွင်းထားပြီး တစ်ဘက်ဘက်က လိုက်နာရန် ပျက်ကွက်ခဲ့လျှင် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် နှစ်ဖက်စလုံးအတွက် လက်ငင်းအကျိုးရှိစေမည့် အကောက်ခွန်လျှော့ချမှုများလည်း ပါဝင်ပြီး ဥရောပမှ ကားနှင့်အထည်အလိပ်များအတွက် လက်ရှိအခွန်နှုန်းထားအချို့ကိုလည်း FTA စတင်အသက်ဝင်ချိန်၌ ပယ်ဖျက်သွားမည်ဖြစ်သည်။

အီးယူ-နယူးဇီလန် FTA အတွက် စေ့စပ်ညှိနှိုင်းမှုများကို လေးနှစ်ကြာဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးထွက်ကုန်များအတွက် ခက်ခဲသည့် ညှိနှိုင်းမှုများရှိခဲ့ကာ အီးယူ-နယူးဇီလန် FTA စတင် အသက်ဝင်ရန်အတွက် ဥရောပပါလီမန်နှင့် အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများက အတည်ပြုရမည်ဖြစ်သည်။

## ဗီယက်နမ်ပို့ကုန်များ ဒေသတွင်းနိုင်ငံများတွင် ပေါများစွာမြင်တွေ့ရလာနိုင်

ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ အနေဖြင့် ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများစွာရှိကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ယခုလဒုတိယအပတ်အတွင်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအရ နယ်နိမိတ်နီးကပ်လျက်ရှိသည့် အဆိုပါ နိုင်ငံသုံးနိုင်ငံနှင့် ကုန်သွယ်ရန် အခွင့်အလမ်းကောင်းများရှိခြင်းမှာ လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ ဖြစ်နေခြင်းလည်း ပါဝင်သည်။ ဗီယက်နမ်၏ပြည်တွင်းလုပ်ငန်းများ အနေဖြင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့ရှိ ဖောက်သည်များ၏ဝယ်လိုအားကိုဖြည့်မီရန် နည်းပညာဆိုင်ရာနှင့် စံချိန်စံညွှန်းပြည့်မီသောထုတ်ကုန်များကို တင်ပို့ရန်ကြိုးပမ်းလျက်ရှိကြသည်။ ၎င်းတို့အနေဖြင့် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းရပ်များတွင် အဆင့်မြင့်နည်းပညာများ အသုံးချရန်နှင့် ထုတ်ကုန်များ၏ အရည်အသွေးကို စိတ်ချရန်၊ တာရှည်ခံထိန်းသိမ်းနိုင်သော နည်းပညာများကို အသုံးပြုရန် စိန်ခေါ်မှုများရှိနေသေးသည်။

တစ်ချိန်တည်းတွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် "ဗီယက်နမ်ထုတ်ကုန်များက အရည်အသွေးမြင့်မားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးနှုန်းများရှိသည်" ဟူသော အမှတ်တံဆိပ်တစ်ခုကို တည်ဆောက်ရန် လိုကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးဌာနက သတိပေးပြောကြားသည်။

### ဗီယက်နမ်- လာအို ကုန်သွယ်ရေး

ဗီယက်နမ်ထုတ်ကုန်များကို လာအိုနိုင်ငံသို့ စရိတ်စကသက်သာပြီး မြန်ဆန်စွာ ရောင်းချနိုင်သော အခွင့်အလမ်းကောင်းများ ရှိသော်လည်း လာအိုနိုင်ငံသို့ တင်ပို့ရောင်းချသော ထုတ်ကုန်များတွင် လာအိုဘာသာစကားဖြင့် ကုန်အညွှန်းစာသားများ ရေးသားဖော်ပြရန်လိုသည်ကို ဗီယက်နမ်လုပ်ငန်းများ အနေဖြင့် သတိပြုရမည်ဖြစ်ပြီး ကုန်ပစ္စည်းအတုအပများနှင့် အရည်အသွေးနိမ့်ကျသည့် အခြားနိုင်ငံ ထွက်ကုန်အချို့နှင့်လည်း ဈေးကွက်အတွင်း ယှဉ်ပြိုင်ရခြင်းများရှိနေကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း ဗီယက်နမ်-လာအို နှစ်နိုင်ငံ ကုန်သွယ်မှုဝင်ငွေမှာ တိုးတက်လာပြီး ၂၀၁၇ ခုနှစ်က ၈ ရာခိုင်နှုန်း၊




ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ ကုန်စည်တင်ပို့သည့် ဆိပ်ကမ်းတစ်ခု။

၂၀၂၁ ခုနှစ်တွင် ၃၃ ဒသမ ၆ ရာခိုင်နှုန်း ရှိလာကာ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရှိလာခဲ့သည်။ ၂၀၂၂ ခုနှစ် ပထမဆုံး ငါးလတာ ကာလအတွင်း ကုန်သွယ်မှုတန်ဖိုးမှာ ၂၂ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရှိသည့်အတွက် ၂၀၂၂ အကုန်တွင် တိုးတက်လာမည့် ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်က တန်ဖိုးနှင့် အတူတူဖြစ်နိုင်သလိုယင်းထက်လည်း ပိုမိုတိုးတက်နိုင်မည်ဟု ခန့်မှန်းထားကြသည်။

### ထိုင်းနိုင်ငံဈေးကွက်

တစ်ချိန်တည်းတွင် ထိုင်းနိုင်ငံဈေးကွက်၌ စားသောက်ကုန်သည် ဝယ်လိုအားများသောကြောင့် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များအတွက် အလားအလာရှိသော ကုန်စည်တစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး၏ ဌာနမှူးက ထိုင်းနိုင်ငံ၏ စားသောက်ကုန်ကဏ္ဍတွင် တင်းကျပ်သော စံချိန်စံညွှန်းသတ်မှတ်ချက်များရှိသောကြောင့် အလွယ်တကူတင်သွင်းရန် မဖြစ်နိုင်ကြောင်းနှင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါထုတ်ကုန်များနှင့်ဈေးကွက်အတွက် အထူးချမှတ်ထားသော မဟာဗျူဟာများမရှိပါက ဈေးကွက်အတွင်း ယှဉ်ပြိုင်ရန်ခက်ခဲမည်ဟု ဆိုသည်။

ဗီယက်နမ်လုပ်ငန်းများသည် ဈေးကွက်အခြေအနေကို ဂရုတစိုက်သင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံရှိ ဖြန့်ချိရေး လမ်းကြောင်းများတွင် မိရိုးဖလာဈေးကွက်များ၊ စတိုးဆိုင်ငယ်များ၊ စူပါမားကတ်များ၊ ဟိုက်ပါမားကတ်များပါဝင်ကာ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများနှင့် လုပ်ကိုင်ပုံကွာခြားခြင်း၊ သုံးစွဲမှုပုံစံကွဲပြားခြင်းနှင့် အီးကော့မာ့စ်စနစ်တွင်ကျယ်ပြန့်စသည့် ထိုင်းနိုင်ငံမှ စားသုံးသူများ၏ အလေ့အထကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ပထမ ငါးလပတ်အတွင်း ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၁ ဘီလီယံရှိသည့်အတွက် ယခင်နှစ်ကထက် ၈ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ထိုင်းနိုင်ငံသို့ တယ်လီဖုန်းနှင့် အီလက်ထရွန်နစ်အစိတ်အပိုင်းများ၊ စက်ကိရိယာပစ္စည်းများ၊ အပိုပစ္စည်းများ၊ အထည်အလိပ်နှင့် ပင်လယ်စာများကို တင်ပို့လျက်ရှိသည်။

### ကမ္ဘောဒီးယားနိုင်ငံဈေးကွက်

ကမ္ဘောဒီးယားနိုင်ငံသည်လည်း ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအတွက် အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပို့ကုန်တင်ပို့မှုဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ပထမ ငါးလပတ်အတွင်း ကမ္ဘောဒီးယားသို့ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရှိသည့်အတွက် လွန်ခဲ့သော နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၁ ဒသမ ၂ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်။ ဗီယက်နမ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့လျက်ရှိသော အဓိကပို့ကုန်များမှာ သံနှင့် သံမဏိ၊ ဓာတုနှင့် ပလတ်စတစ်ပစ္စည်းများ၊ စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းများ၊ ပြုပြင်ထားသော စားသောက်ကုန်များနှင့် မုန့်မျိုးစုံစသည့် ထုတ်ကုန်များဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# ရန်ကုန်နှင့် မြဝတီအသင်း နိုင်ပွဲဆက်

**ရန်ကုန်   ဇူလိုင်   ၁၄**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) လက်ကျန်ပွဲများကို ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်နှင့် မြဝတီအသင်းတို့ နိုင်ပွဲထပ်မံရယူနိုင်ခဲ့သည်။

ဇူလိုင် ၁၃ ရက်က ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက GFA အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီတွင် MNL သို့ တန်းတက်လာသည့် အသင်းနှစ်သင်း၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး မြဝတီအသင်းက နိုင်ပွဲဆက်ခဲ့သည်။ မြဝတီအသင်းအနေဖြင့် အားကာသီပွဲနှင့် GFA တို့ကို နှစ်ပွဲဆက်အနိုင်ရခဲ့သဖြင့် ကျေနပ်စရာဖြစ်ခဲ့သော်လည်း GFA အသင်းမှာမူ သုံးပွဲဆက်အရှုံးကြောင့် ဖိအားများသွားခဲ့ရသည်။ နှစ်သင်းစလုံး နိုင်ပွဲရရှိရေးအတွက် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ သို့သော် မြဝတီအသင်းသည် ပွဲအစ ၅ မိနစ်မှာပင် အဖွင့်ဂိုးရခဲ့သဖြင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ သက်ဝေမိုးက မြဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၃၁ မိနစ်တွင် ကောင်းစည်သူက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မြဝတီအသင်း ပယ်နယ်တီကန်သွင်းခဲ့ရပြီး ဂိုးသမားထွန်းနန္ဒဦးက အမှားအယွင်းမရှိကန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြဝတီအသင်းက သုံးဂိုးပြတ် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် GFA အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး မိနစ် ၅၀ တွင် ယောကူဆီ၊ ၇၈ မိနစ်တွင် တန်တိုးအောင်က ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးများသွင်းယူခဲ့သဖြင့် ပွဲမှာပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ GFA အသင်းအနေဖြင့် ချေပဂိုးထပ်မံရရန် ကြိုးပမ်းခဲ့သော်လည်း မြဝတီအသင်းက အနိုင်သေချာစေမည့် စတုတ္ထအနိုင်ဂိုးကို ၈၅ မိနစ်တွင် ရဲမိုးယံက သွင်းယူခဲ့သည်။

ဇူလိုင် ၁၄ ရက်က ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရခိုင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် သုံးပွဲဆက်အနိုင်ရခဲ့သော်လည်း ရခိုင်အသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး ဒေးဗစ်ထန်၏ နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် ယခုပွဲမတိုင်မီ နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး နည်းပြချုပ်သစ် ဦးကျော်လွင် လက်ထက် ပထမဆုံးကစားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ဒေးဗစ်ထန်၊ ရန်နိုင်ဦး၊ လမင်းထွေး၊ ထက်ဖြိုးဝေ၊ ဇော်ဝင်းသိန်းစသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်အသင်းမှာလည်း လူစုံအသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ရခိုင်အသင်းက ခံစစ်ကို စနစ်တကျပြင်ဆင်ခဲ့သဖြင့် ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ရခိုင်အသင်းသည် ရန်ကုန်အသင်းတိုက်စစ်ကို မိနစ် ၈၀ ကျော်အထိ ထိန်းထားနိုင်ခဲ့သော်လည်း ၈၇ မိနစ်တွင် ဂိုးပေးလိုက်ရသဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၈၇ မိနစ်တွင် ကျော်မင်းဦး၏ ကွင်းလယ်မှ ဖန်တီးပေးမှုကို ဒေးဗစ်ထန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၃) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ရှောဝတီ၊ မြဝတီ၊ အားကာသီပွဲ အသင်းတို့က နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်စီ၊ ရတနာပုံ၊ ဟံသာဝတီ၊ မဟာယူနိုက်တက်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်စီရရှိထားကာ ရခိုင်ယူနိုက်တက်နှင့် GFA အသင်းတို့မှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ရဲရင့်လွင်

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6Q/3191, GAC GM8 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ချို ၁၂/ဥကမ (နိုင်)၀၈၈၃၉၇ က(ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 58W/44885, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသော်ဇင် ၁၄/ပသန(နိုင်)၂၉၈၇၇၁ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဘောမဲ့ဘုရားကုန်းကျေးရွာ၊ အမှတ်(၅၉၈)နေ ဒေါ်ခင်စောယု ၈/ရနခ(နိုင်)၀၂၆၂၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စောယုသည်(၂–၅–၂၀၂၀)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေပိတောက်လမ်း၊ အမှတ်(၅၇၀)(မြေရင်းခြမ်း)၊ (၂၀x၆၀)ပေအကျယ်အဝန်းရှိ မြေနှင့်အိမ်အား ဒေါ်တင်ဌေး ၁၂/သဃက(နိုင်)၁၂၇၃၈၆ ထံမှ အရပ်ကတိ အဆက်အစပ်စာချုပ်မိတ္တူများဖြင့် ဦးထွန်းမြင့် (CB–၀၅၁၈၅၈) ၁၂/ဗဟန(နိုင်)၀၂၂၆၀၆အမည်ပေါက် မြေချပါမစ်မိတ္တူအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူလက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ အဆိုပါအိမ်နှင့်မြေအား ဝယ်ယူစဉ်က အိမ်နှင့် မြေရောင်းချသူဒေါ်တင်ဌေးမှ အရပ်ကတိအဆက်စပ်စာချုပ်မူရင်းများ ပျောက်ဆုံးသွားကြောင်း ပြောသည်ကို ယုံကြည်ပါသဖြင့် (၅၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အသိအမှတ်ပြု၍ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ဒေါ်ခင်စောယု ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော မြေနှင့်အိမ်အား ပြန်လည်ရောင်းချတော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလင်းလင်းဖြိုး(စဉ်–၄၉၁၅၆)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၇)၊ငါးမာရ်အောင်ဘုရားလမ်း၊ (၃၃)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၂၆၃၄၄၅၃၃၅၊ ၀၉–၆၆၆၆၇၀၁၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ ပုလဲငွေရောင်လမ်း၊ အမှတ်(၃၉၉/က)ဟုခေါ်တွင်သော (၂၂ပေ×၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အားရောင်းချပိုင်ခွင့်ရှိသူ ဦးဇင်ဝင်းထွန်း (၁၂/ဒဂတ(နိုင်)၀၃၁၂၂၃)ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ပေးအပ်ထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း) အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဦးလှဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၀၀၄)**
**ဖုန်း–၀၉–၅၁၁၃၉၉၆၁၊ ၀၉–၇၉၅၇၇၅၀၃၃**

# စာအုပ်စာပေ

# လှူမိတ်ဆွေ

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1L/7026 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ်သန်း ၁၂/လမန(နိုင်)၁၃၅၈၄၄ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

# တရားမဝင် သစ်မျိုးစုံ၊ အမိုနီယမ်နိုက်ထရိတ်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇူလိုင်  ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးအဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်သုံးစီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၈၂၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ISUZU အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)၊ Nissan Condor အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) နှင့် Hino Ranger အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၄၈၂၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မိုးညှင်းမြို့ဘက်သို့ မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီးပေါ်၌ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ၁၇၆၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အညီ အရေးယူ**

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့နယ်၊ ကံမမြို့နယ်နှင့် နတ်မောက်မြို့နယ်များအတွင်း တရားမဝင်သစ်မျိုးစုံ ၉ ဒသမ ၁၇၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၅၃၆၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၄ ရက် တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်ခွဲသား ၁ ဒသမ ၄၉၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၉၀၇၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ**

ထို့ပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော မီးဖိုချောင်သုံး ဂက်စ်မီးဖို အလုံး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၈ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၃) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၁၆၉၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်၊ ခြေတော်ရာကျေးရွာတွင် School– Cum–Shelter(၁၃၀' x၃၀')၊(၁)လုံး တည်ဆောက်မည်ဖြစ်၍ မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** – ၂၀–၇–၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်**– ၂–၈–၂၀၂၂ရက်(အင်္ဂါနေ့)
(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးပြန်လည်တင်သွင်းရမည့်ရက်/အချိန်** – ၃–၈–၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) (၁၆:၃၀)နာရီ
(ဃ) **တင်ဒါရောင်းချမည့်နေရာ** – တိုင်းဒေသကြီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ ဥဿာမြို့သစ်ရပ်ကွက်ကြီး(၆)၊ သမိန်ဗရမ်းလမ်း၊ ပဲခူးမြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ သမိန်ဗရမ်းလမ်း၊ ပဲခူးမြို့၊ ဖုန်း–၀၅၂–၂၂၃၀၃၆၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောအယ်ဆိုး ၆/ ပလန(နိုင်)၀၇၇၂၁၂ ၏ (OWIC)ကတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၆၈၉၈၁၈၂**

## မိဘအမည်မှန်

ဘားအံမြို့နယ်၊ ကျုံဖဲ အထက(ခွဲ)Grade–10 မှ မိဇင်သက်ဦး ၏ မိဘအမည်မှန်မှာ ဦးမြင့်ဦး – ဒေါ်မိတင်လှသန်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘုန်းပြည့်ဖြိုး ၈/မကန(နိုင်) ၂၃၈၃၈၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၈၀၀၃၈၉၉**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7M/6332 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၂၈၃၂၃ ဟွန်ဒါ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းဇာနည်အောင် ၁၃/တကန(နိုင်)၃၁၈၀၁၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၈၈၁၀၂ ဟွန်ဒါ ဒရင်း ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကံကော်ခင် ၁၃/တကန(နိုင်)၃၂၉၂၀၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(တောင်ကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဦးစိုးမိုး ၁၂/သဃက(နိုင်)၀၇၆၆၄၂(ဘ) ဦးသောင်းမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၂၃၂၃၄)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၁/၂၀၂၂) (၂–၂–၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနေလင်းစိုး (ဘ)ဦးစန်းလွင် ၁၂/လသယ(နိုင်)၀၇၂၅၀၇မှ ဦးဝင်းမင်းသန့် ၉/ခမစ(နိုင်)၁၁၀၉၉၃နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

